# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၂)၊ အမှတ် (၀၂၃)


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဒေသထုတ်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားပေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား နေပြည်တော်ကောင်စီရုံးဝင်းရှိ ဇမ္ဗူသီရိခန်းမ၌ တွေ့ဆုံ၍ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများမှ ထုတ်လုပ်ထားသည့် တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ၊ ကောင်စီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နေပြည်တော်ကောင်စီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသေးစား၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖




မြန်မာ့အလင်း

## အကြံသစ်၊ ဉာဏ်သစ်၊ ခွန်အားသစ်များဖြင့် ကုန်ထုတ်လုပ်မှုမြင့်မားအောင် ကြိုးပမ်း

ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်းကုန်ထုတ်လုပ်ခြင်းများကို အားပေးမှုမရှိခဲ့ခြင်းကြောင့် ၂၀၁၈-၂၀၁၉ ခုနှစ်ခန့်မှ စတင်ကာ မိမိတို့နိုင်ငံ၏ စီးပွားရေးကျဆင်းမှု စတင်ဖြစ်ပေါ်ခဲ့သည်။ ပြည်တွင်း၌ လိုအပ်သည့် ကုန်ပစ္စည်းများကို ပြည်ပမှ တင်သွင်းမှုများပြားခဲ့ရာ ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့ရပြီး အဆိုပါ လိုငွေများကို ပြည်ပချေးငွေများ၊ ထောက်ပံ့ငွေများ၊ အခြားရငွေများဖြင့် ဖြေရှင်းခဲ့ရသည်။

ပြည်တွင်းကုန်ထုတ်လုပ်မှု မြင့်မားအောင်ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ဒေသအလိုက် ထွက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယံဇာတကုန်ကြမ်းများကို အခြေခံကာ အရည်အသွေးကောင်းမွန်သည့် ကုန်ချောအမယ်အမျိုးမျိုး ထုတ်လုပ်ပြီး ပြည်တွင်းပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရန်၊ ပြည်ပသွင်းကုန်များကို အစားထိုးနိုင်ရန် နိုင်ငံတော်က တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်းစီးပွားရေး၏ အဓိကမောင်းနှင်အားမှာ MSME ဟုခေါ်သည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအသီးသီးတွင် ရှိနေကြသည့် MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့အကျိုး နိုင်ငံအကျိုးအတွက် အကြံသစ်၊ ဉာဏ်သစ်၊ ခွန်အားသစ်များဖြင့် ကုန်ထုတ်လုပ်မှုမြင့်မားရေး ကြိုးပမ်းသွားကြရန်လိုသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအသီးသီးရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ အကြံဉာဏ်များပေး၍ ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ အောက်တိုဘာလ ၂၂ ရက်နေ့ နေပြည်တော်ကောင်စီနယ်မြေရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် "နေပြည်တော်ကောင်စီနယ်မြေသည် စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို စိုက်ပျိုးပြီး မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အောင်မြင်အောင် ဆောင်ရွက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း" ပြောကြားခဲ့သည်။

နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံ၏အုပ်ချုပ်ရေးမြို့တော်ဖြစ်ပြီး နိုင်ငံ၏အချက်အချာကျသည့်နေရာတွင် တည်ရှိကာ လမ်းပန်းဆက်သွယ်ရေးအပါအဝင် အဘက်ဘက်မှ ကောင်းမွန်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးတို့အတွက် ရေ၊ မြေ၊ သယံဇာတများနှင့် ပြည့်စုံသကဲ့သို့ ၎င်းထွက်ကုန်များကို အခြေခံပြီး ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ရန်အတွက်လည်း လိုအပ်ချက်များလည်း ပြည့်စုံသည်။ ပြည်တွင်းကုန်ထုတ်လုပ်ခြင်းကို မြှင့်တင်ရာတွင် ဒေသအသီးသီးတွင် ရှိနေကြသည့် သေး၊ ငယ်၊ လတ် စီးပွားရေးလုပ်ငန်းရှင်များ၏ အားမာန်၊ ဖွဲ့လုံ့လ၊ ဆန်းသစ်တီထွင် သော စိတ်ကူးအကြံဉာဏ်၊ ခွန်အားများကို အရင်းတည်ကာ ကောင်းကျိုးစီးပွား တိုးတက်များပြားနိုင်ကြပါစေကြောင်း။ ။




## နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA) ဩဝါဒခံယူ

**ရန်ကုန် အောက်တိုဘာ ၂၂**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဇန်းမော်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသအား အမှူးထား၍ သီတဂူဆရာတော်သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ ရွှေကျင်သာသနာပိုင်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဒေါက်တာဘဒ္ဒန္တဉာဏိဿရနှင့် ဆရာတော်ကြီး ရှစ်ပါးတို့ထံမှ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(ဗဟို)မှ အသင်းသူ အသင်းသားများက ဩဝါဒခံယူပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မလမ်းရှိ ကျောက်တော်ကြီးဘုရားအနီး သီရိမင်္ဂလာ သာသနာ့ဗိမာန်တော်၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို တက်ရောက်ကြည်ညိုပူဇော်သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(ဗဟို) ဥက္ကဋ္ဌ အဂ္ဂမဟာမင်္ဂလ ဓမ္မဇောတိကဓဇ ဦးရဲထွန်းက YMBA အသင်းကြီးအကြောင်းကို လျှောက်ထားကာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌ (၁) ဒေါက်တာ အောင်မင်းကျော်သူ က ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ထံမှ ဩဝါဒချီးမြှင့်ပေးတော်မူပါရန် လျှောက်ထားသည်။

ယင်းနောက် ဇန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏ ဩဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ က ဖတ်ကြားတော်မူသည်။

ထို့နောက် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၊ ရန်ကင်းမြို့နယ် ကျောက်ကုန်းတောရ မေဒိနီကျောင်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကောဝိဒဇ၊ နိုင်ငံတော်ဩဝါဒါစရိယ အလယ်တောရကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဂန္ဓမာလာဘိဝံသ၊ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးကျောင်းတိုက် ပဓာနနာယက နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တကုမာရ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ တိပိဋကဘဒ္ဒန္တဝါယာမိန္ဒာ ဘိဝံသတို့က ဩဝါဒကထာများ ချီးမြှင့်တော်မူပြီး နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်မြို့နယ် အင်းစိန်ရွာမဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တတိလောကာဘိဝံသ၏ ဩဝါဒကထာကို ပိဋကတ်သုံးပုံနိကာယ်ကျောင်းတိုက် ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ အရှင်သူမြတ်တို့က ဖတ်ကြားတော်မူသည်။

ဆက်လက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဆရာတော်ကြီးများ၏ ဩဝါဒချီးမြှင့်မှုအပေါ် ဝမ်းမြောက်စကားလျှောက်ထားပြီး သံဃာတော်အရှင်သူမြတ် ရှစ်ပါးတို့အား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) အသင်းအတွက် အလှူတော်ငွေကျပ် ၂၅ သိန်းကို ပေးအပ်လှူဒါန်းရာ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးရဲထွန်းက လက်ခံရယူပြီး ဗုဒ္ဓသာသနာ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို) (YMBA) အသင်းသား အသင်းသူများက ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ဗဟို)မှ အသင်းသူ အသင်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❏ *ကျောဖုံးမှ*

၂။ မြန်မာနိုင်ငံအား တိုးမြှင့်စောင့်ကြည့်ခွင့်ရှိသည့် နိုင်ငံနှင့် ဒေသများစာရင်း (Jurisdictions under increased monitoring)မှ စိစစ်ဆောင်ရွက်မှုများပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့် အန္တရာယ်မြင့်မားမှုရှိသောနိုင်ငံနှင့် ဒေသများစာရင်း(High-Risk Jurisdictions subject to a Call for Action)သို့ ပြောင်းရွှေ့ထည့်သွင်းခြင်းခံရသော်လည်း လက်ရှိ Black List တွင် ရှိပြီးဖြစ်သည့် မြောက်ကိုရီးယားနိုင်ငံနှင့် အီရန်နိုင်ငံတို့ကဲ့သို့ FATF မှ အဖွဲ့ဝင်နိုင်ငံများနှင့် အခြားနိုင်ငံများမှ တိုးမြှင့်အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့် နိုင်ငံနှင့်ဒေသများစာရင်း (Jurisdictions subject to a FATF call on its members and other jurisdictions to apply counter-measures) သို့ထည့်သွင်း၍ တန်းတူအရေးယူဆောင်ရွက်ခြင်းခံရမည့်အဆင့်မျိုး မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

၃။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိနိုင်ငံနှင့်ဒေသအားလုံးသည် FATF မှ ထုတ်ပြန်သည့် အကြံပြုချက် ၄၀(40 Recommendations) ကို လိုက်နာဆောင်ရွက်ကြရပါသည်။ ယင်းအကြံပြုချက် (၄၀)တွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး(Anti Money Laundering-AML)၊ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (Countering the Financing of Terrorism-CFT) နှင့် လူအများအပြား သေကျေစေနိုင်သော လက်နက်များပြန့်ပွားစေရန် ငွေကြေးထောက်ပံ့မှုအပေါ် ဘဏ္ဍာရေးအရ ပစ်မှတ်ထားအရေးယူဆောင်ရွက်ရေး (Targeted Financial Sanction of Proliferation) စသည်တို့နှင့် သက်ဆိုင်သည့် လိုက်နာဆောင်ရွက်ရန်အချက်များဖြစ်ပါသည်။ မြန်မာနိုင်ငံသည် FATF တွင် အဖွဲ့ဝင် နိုင်ငံမဟုတ်သော်လည်း FATF ပုံစံဖွဲ့စည်းထားသည့် ဒေသဆိုင်ရာအဖွဲ့တစ်ခု ဖြစ်သည့် အာရှပစိဖိတ်ဒေသငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (Asia Pacific Group on Money Laundering-APG) တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံအနေဖြင့် FATF ၏ အကြံပြုချက်များကို လိုက်နာဆောင်ရွက်လျက်ရှိရာ မူလအကဲဖြတ်စဉ်က အကြံပြုချက် (၄၀)တွင် စံနှုန်းသတ်မှတ်ချက် အချက် (၂၀) ကျော်အား သတ်မှတ်ကာလအတွင်း ပြည့်မီမှုမရှိခဲ့သော်လည်း လက်ရှိအချိန်တွင် စံနှုန်းသတ်မှတ်ချက် (၂၄) ချက်ပြည့်မီမှုရှိပြီး ဖြစ်ပါသည်။

၅။ မြန်မာနိုင်ငံသည် ယခင်ကလည်း အလားတူစာရင်းတွင် ၂၀၁၁ ခုနှစ်၊ ဇွန်လမှ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ရောက်ရှိခဲ့ပြီး ပြန်လည်လွတ်မြောက်အောင်ဆောင်ရွက်ခဲ့သည့် ယခင်အတွေ့အကြုံများအရ ယင်းစာရင်းမှ အလျင်အမြန် ပြန်လည်လွတ်မြောက်စေရန် စီမံဆောင်ရွက်လျက်ရှိရာ လာမည့်တစ်နှစ်အတွင်း ဆောင်ရွက်မည့် Action Plan များ ချမှတ်ရေးဆွဲပြီးဖြစ်ပါသည်။

၆။ မြန်မာနိုင်ငံအနေဖြင့် ပြည်ပနှင့် ငွေကြေးလွှဲပြောင်းမှု ပြုလုပ်ရာတွင် ပြည်ပအဆက်အသွယ်ဘဏ်များက အလေးထားစိစစ်ခြင်းကို တိုးမြှင့်လုပ်ဆောင်ခြင်း (Enhance Due Diligence-EDD) ကိုသာ ကြုံတွေ့ကြရမည်ဖြစ်ရာ သက်ဆိုင်ရာဘဏ်များအနေဖြင့် လက်ရှိဆောင်ရွက်နေကျမေးခွန်းများ မေးမြန်းခြင်းနှင့် ငွေကြေးလွှဲပြောင်းမှုဆိုင်ရာ အထောက်အထားအချက်အလက်များ တောင်းခံခြင်း စသည်ဖြင့် ယခင်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအား စိစစ်ဆောင်ရွက်မှုများပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့် အန္တရာယ်မြင့်မားမှုရှိသော နိုင်ငံနှင့်ဒေသများစာရင်းတွင် ထည့်သွင်းခံရခြင်းသည် မြန်မာနိုင်ငံအတွက် စိုးရိမ်ဖွယ်ရာအခြေအနေမဟုတ်သည့်အတွက် ပြည်သူများ စိုးရိမ်မှုလွန်ကဲခြင်းများထားရှိရန် မလိုအပ်ဘဲ ယင်းသို့ထည့်သွင်းခံရမှုကို အကြောင်းပြု၍ ငွေကြေးဈေးကွက်အတွင်း မသမာမှုများ မပြုလုပ်ကြပါရန်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်းမျဉ်းစည်းကမ်းများနှင့် မကိုက်ညီသည့် ဆောင်ရွက်မှုများ တွေ့ရှိရပါက လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## ■ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမတည်ငွေများကို သက်သာသော အတိုးနှုန်းများဖြင့် ထုတ်ချေးပေးနိုင်ရေး စီမံလျက်ရှိ၊ MSME အသင်းနှင့် နေပြည်တော်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းအတွက် ရုံးအဆောက်အဦ မြေနေရာရရှိရေး သင့်လျော်သည့်နေရာတွင် ခွင့်ပြုပေးသွားမည်

❖ *ရှေ့ဖုံးမှ*

အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

### အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား ဆွေးနွေးတင်ပြ

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က နေပြည်တော်ကောင်စီနယ်မြေ ဒေသဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုဇုန်များနှင့် စက်မှုဇုန်အတွင်းရှိ စက်မှုလုပ်ငန်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နေမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေနှင့် နည်းပညာထောက်ပံ့ပေးမှု၊ လုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ စပါးခွဲသုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးအတွက် အားပေးဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်စွာဝင်းနှင့် MSME ကုန်ထုတ်လုပ်ငန်းရှင်များက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများအတွက် အသိပညာ၊ အတတ်ပညာနှင့် နည်းပညာများရရှိရေး၊ ဥပဒေအရ အကာအကွယ်ရရှိရေးနှင့် အရင်းအနှီးများရရှိစေရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအသင်းအတွက် မြေနေရာနှင့် အဆောက်အဦလိုအပ်လျက်ရှိမှု၊ မှျစ်ခြောက်ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်၍ ပြည်ပသို့ တင်ပို့လျက်ရှိမှုနှင့် ပိုမိုတင်ပို့နိုင်ရေးအတွက် ဝါးစိုက်ခင်းများ စိုက်ပျိုးနိုင်ရေး မြေလိုအပ်ချက်ရှိမှု၊ ရဲယိုထွက် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ပြည်ပနိုင်ငံသို့ တင်ပို့လျက်ရှိမှုနှင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်မှ ကူညီမှုများလိုအပ်လျက်ရှိမှု၊ လုပ်ငန်းများလည်ပတ်ရန်အတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးစေလိုမှု၊ MSME လုပ်ငန်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ဈေးကွက်သို့ဖြန့်ဖြူးရာတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိမှု၊ ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်မှုနှင့် သယ်ယူပို့ဆောင်မှုစရိတ်များ မြင့်တက်လာမှုကြောင့် ကုန်ထုတ်လုပ်မှုများတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိမှု၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည့် စက်ပစ္စည်းများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေနေရာ၊ ရင်းနှီးမတည်ငွေ၊ နည်းပညာနှင့် စက်ယန္တရားများနှင့် လူသားအရင်းအမြစ်များ လိုအပ်လျက်ရှိမှု၊ ကိုဗစ်ကာလအတွင်း ချေးငွေရယူထားသည့် MSME လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသဖြင့် နိုင်ငံတော်သို့ ပြန်လည်ပေးဆပ်ရမည့်ကာလအား တိုးမြှင့်သတ်မှတ်ပေးစေလိုမှု၊ နေပြည်တော်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းခွင့်နှင့် ရုံးအဆောက်အဦဆောက်လုပ်ရန် မြေနေရာလိုအပ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စက်ကိရိယာများ လိုအပ်လျက်ရှိမှု အခြေအနေများကို တင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသေးစား၊ အငယ်စား နှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများမှ ထုတ်လုပ်ထားသည့် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။

### တင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက်ဆွေးနွေး

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမတည်ငွေများကို သက်သာသော အတိုးနှုန်းများဖြင့် ထုတ်ချေးပေးနိုင်ရေး စီမံလျက်ရှိကြောင်း၊

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

MSMEအသင်းနှင့် နေပြည်တော်ကုန်သည်များနှင့်စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းအတွက် ရုံးအဆောက် အဦမြေနေရာရရှိရေး သင့်လျော်သည့်နေရာတွင် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ မြေအသုံးပြုမှုနှင့် ပတ်သက်၍ နိုင်ငံတော်၏ စိုက်ပျိုးမြေများ လျော့ကျမှု မရှိစေရေးအတွက် လယ်ယာမြေများပေါ်တွင် အခြား နည်းဖြင့် သုံးစွဲခြင်းများကို ခွင့်ပြုပေးခြင်းမရှိကြောင်း၊ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသည့် မြေများကို သာ အခြားနည်းဖြင့် စိစစ်၍ အသုံးပြုခွင့်ပေးခြင်း ဖြစ်ကြောင်း၊ ပျဉ်းမနားဒေသသည် ဝါးများပေါများ သည့် ဒေသတစ်ခုဖြစ်ပြီး ဝါးထွက်ကုန်ထုတ်လုပ် ခြင်းများကို ဆောင်ရွက်ကြကြောင်း၊ သို့သော် ယခု နောက်ပိုင်းတွင် ထုတ်ယူသုံးစွဲမှု များပြားခြင်းကြောင့် ဝါးတောများ ပြုန်းတီးလာသဖြင့် ဝါးတောများ ပြန်လည်စိုက်ပျိုး ထိန်းသိမ်းကြရန်လိုကြောင်း၊ ဝါးကိုစားသောက်ကုန်များအတွက်သာ သုံးစွဲခြင်း ထက် ပျော့ဖတ်စက္ကူများ ထုတ်လုပ်ခြင်းနှင့် အခြား လူသုံးကုန်ပစ္စည်းများကို အဆင့်မီစွာဖြင့် ထုတ်လုပ် နိုင်မည်ဆိုပါက ဒေသအတွက် ပိုမိုအကျိုးဖြစ်ထွန်း စေမည်ဖြစ်ကြောင်း၊ အခွန်ကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်မှကောက်ခံသော အခွန်နှုန်းထားသည် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက သင့်လျော်သည့် နှုန်းထားဖြစ်၍ လုပ်ငန်းရှင်များအနေဖြင့် အခွန်ဝန် ကို ကျေပွန်စွာ ထမ်းဆောင်ပေးရန်လိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသေးစား၊ အငယ်စား နှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများမှ ထုတ်လုပ်ထားသည့် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။

### ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စု ဝန်ကြီးများက ဝန်ကြီးဌာနအလိုက် ပြန်လည် ရှင်းလင်းဆွေးနွေးကြရာ ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) စီးပွားရေး လုပ်ငန်းများကိုသာမက စက်မှုဇုန်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိမှု၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး ဆောင်ရွက် ပေးလျက်ရှိသဖြင့် အခြားဒေသများထက် ကုန်စည်စီးဆင်းမှုများကို ပိုမိုလျင်မြန်စွာ ဆောင်ရွက် နိုင်မှု၊ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အတိုးနှုန်း သက်သာစွာဖြင့် ရင်းနှီးမတည်ငွေများ ထုတ်ချေးပေး လျက်ရှိမှု၊ ကိုဗစ် - ၁၉ ချေးငွေများကိုလည်း ပြန်ဆပ် ကာလ သက်တမ်းတိုးမြှင့်ပေးခဲ့မှု၊ ဝါးစိုက်ခင်းများ ပြုလုပ်ရန်နှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် လိုအပ်သည့် နည်းပညာနှင့် မြေနေရာရရှိရေး ဆောင်ရွက်ပေးနိုင်မည့် အခြေအနေ၊ ဒေသနှင့် ကိုက်ညီသည့်သီးနှံများ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်၍ ကုန်ထုတ် လုပ်မှုတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်မှု၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြု ၍ တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ဆောင်ရွက်ပါက ပိုမိုအကျိုးဖြစ်ထွန်းနိုင်မှုနှင့် လိုအပ် သည့်အကူအညီများ ဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လိုအပ် သည့် နည်းပညာနှင့် အခြားအခက်အခဲများကို ဖြည့်ဆည်းပေးလျက်ရှိမှု၊ ကျေးရွာနေပြည်သူလူထု ဝင်ငွေတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးအတွက် သမဝါယမအသင်းများ အစုအဖွဲ့များ ဖွဲ့၍ လိုအပ်သည်များကို ကူညီပံ့ပိုးပေးလျက်ရှိမှုနှင့် စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်သည့် သွင်းအားစု များကိုလည်း ဖြည့်ဆည်းပေးလျက်ရှိမှု၊ နိုင်ငံတကာ တွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်၍ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကူညီအားပေး ဆောင်ရွက်နေမှု၊ မြန်မာ့ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း၊ ပြည်ပကုန်စည်ပြပွဲများ၌ ပြသနိုင်ရေး၊ ကုန်ကြမ်းရရှိရေးနှင့် ဈေးကွက်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေ စသည် ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည် ဆွေးနွေး ပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက MSME လုပ်ငန်းများ အပါအဝင် အခြားကဏ္ဍများအလိုက် ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးထားမှု၊ ပြန်လည်ပေးဆပ်မှုနှင့် ပေးဆပ် ရန်ကျန်ရှိသည့် အခြေအနေများ၊ ချေးငွေပြန်ဆပ် ကာလများ တိုးမြှင့်ပေးရန်နှင့် ဆက်လက်ထုတ်ချေး ပေးရန်အတွက် စည်းမျဉ်း စည်းကမ်းဥပဒေများနှင့် အညီ ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို လည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် နေပြည် တော်ကောင်စီမှ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေ များနှင့် ပတ်သက်၍လည်းကောင်း ပြန်လည်ဆွေးနွေး ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသေးစား၊ အငယ်စား နှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများမှ ထုတ်လုပ်ထားသည့် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။

### နိုင်ငံ၏ လိုအပ်ချက်အရ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရပြီး အခက်အခဲများကြားမှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် နိုင်ငံ၏လိုအပ်ချက်အရ မိမိတို့ အနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ရပြီး ထိုသို့တာဝန်များကို ထမ်းဆောင်ခဲ့ရချိန်တွင် ကိုဗစ် ရောဂါဖြစ်ပွားမှုနှင့် ကြုံတွေ့ခဲ့ရသကဲ့သို့ နိုင်ငံရေး သဘောထားမတိုက်ဆိုင်မှုများကြောင့် နိုင်ငံရေး ဆူပူမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ အထူးသဖြင့် ကိုဗစ်– ၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် နိုင်ငံ၏စီးပွားရေး ကျဆင်းမှုများရှိခဲ့ပြီး မိမိတို့နိုင်ငံတွင်သာမက အခြား ကမ္ဘာ့နိုင်ငံများတွင်လည်း စီးပွားရေးကျဆင်းမှုများ

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးကျဆင်းမှုမှာ အချက်အလက်များအရ ၂၀၁၈/၂၀၁၉ ခုနှစ်ခန့်မှစတင်၍ စီးပွားရေးကျဆင်းမှုများ စတင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ စီးပွားရေးကျဆင်းခဲ့ခြင်းမှာ ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်းကုန်ထုတ်လုပ်ခြင်းများကို အားပေးခြင်းများ မရှိခဲ့ခြင်းကြောင့်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ပြည်ပမှ တင်သွင်းမှုများ များပြားခဲ့ခြင်းကြောင့် နိုင်ငံ၏ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့သည်ကို မှတ်တမ်းများအရ သိရှိရကြောင်း၊ ပထမဒီမိုကရေစီအစိုးရသက်တမ်းနှင့် ဒုတိယဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် အမေရိကန်ဒေါ်လာ ၂၄ ဘီလီယံကျော်ခန့် ကုန်သွယ်မှုလိုငွေများ ပြခဲ့ကြောင်း၊ အဆိုပါလိုငွေများကို ပြည်ပချေးငွေများ၊ ထောက်ပံ့ငွေများ၊ အခြားရငွေများဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ ကုန်သွယ်မှုလိုငွေများနည်းပါးအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏စီးပွားရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း။

မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေဖြင့် ကုန်သွယ်မှုကိုသာမက ရင်းနှီးမြှုပ်နှံမှုများကိုပါ ဆောင်ရွက်ရကြောင်း၊ ဖွံ့ဖြိုးရေးနှင့်ဆိုင်သော ချေးငွေများသာမက ပြည်ပချေးငွေများအားလုံးကို နိုင်ငံတော်မှ ပြန်လည်ပေးဆပ်ရပြီး မိမိတို့အနေဖြင့် ယခင်ကာလများကရှိခဲ့သည့် ပြည်ပကြွေးမြီများကို တတ်နိုင်သမျှ ပြန်လည်ပေးဆပ်လျက်ရှိကြောင်း၊ ထိုကဲ့သို့သော ပြည်ပချေးငွေများရယူပြီး နိုင်ငံစီးပွားရေးတိုးတက်အောင် ဆောင်ရွက်နိုင်မှုများမရှိခြင်းကြောင့် အချို့နိုင်ငံများအနေဖြင့်လည်း စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း။

မိမိတို့အနေဖြင့် တာဝန်ယူဆောင်ရွက်နေချိန်ကာလအတွင်း ပြည်ပကြွေးမြီများ နည်းပါးအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် မြေပေါ်မြေအောက်သယံဇာတပစ္စည်းများကို ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိမည်ဖြစ်ကြောင်း၊ မြေပေါ်မြေအောက်သယံဇာတများကို ထုတ်ယူရောင်းချရာတွင်အချို့သောနေရာများ၌တရားမဝင်ရောင်းဝယ်မှုများကြောင့် နိုင်ငံတော်အတွက် များစွာထိခိုက်နစ်နာစေကြောင်း၊ သဘာဝပစ္စည်းများကို ထုတ်ယူရောင်းချမှုမှာ နောင်တစ်ချိန်တွင် အခက်အခဲများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ မိမိတို့နိုင်ငံသည် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းကျော်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် မိမိတို့နိုင်ငံ၏ စီးပွားရေးအတွက် အခြေခံအကျဆုံး စီးပွားရေးလုပ်ငန်းဖြစ်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများထုတ်လုပ်နိုင်ရေး အလေးထား အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသေးစား၊ အငယ်စား နှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများမှ ထုတ်လုပ်ထားသည့် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။

### နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေး

နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်ပြီး ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်နှင့် မြို့တော်ဟောင်းအဖြစ် ပြောနိုင်ကြောင်း၊ နေပြည်တော်ကို စတင်ဖွင့်လှစ်ခဲ့သည်မှာ ၁၆ နှစ်ခန့်ရှိပြီဖြစ်ကာ မြို့တော်အား စတင်အကောင်အထည်ဖော်တည်ဆောက်ချိန်တွင် အခက်အခဲများရှိခဲ့ကြောင်း၊ စတင်တည်ဆောက်ချိန်မှစ၍ အနာဂတ်ကာလတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ပြီး စိုက်ပျိုးမွေးမြူရေးဇုန်များ၊ စက်မှုဇုန်နေရာများ သတ်မှတ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ အချို့မြို့များရှိ စက်မှုဇုန်များနှင့် စိုက်ပျိုးမွေးမြူရေးဇုန်များတွင် သတ်မှတ်ထားသောစည်းကမ်းများနှင့်မကိုက်ညီသည့် လူနေအိမ်များတည်ဆောက်ထားသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့သော ဆောင်ရွက်မှုများကြောင့် စီးပွားရေး တိုးတက်မှုအတွက် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို အခက်အခဲဖြစ်ပေါ်စေကြောင်း၊ မိမိတို့အနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နေပြည်တော်ဒေသမှ ထွက်ရှိသည့် ကုန်ကြမ်းများကိုအသုံးပြု၍ ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ခြင်းဖြင့် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေသည် စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို စိုက်ပျိုးပြီး မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အောင်မြင်အောင် ဆောင်ရွက်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း။

### စိုက်ပျိုးမွေးမြူရေးထုတ်ကုန်နှင့် သဘာဝသယံဇာတများကို အကျိုးရှိစွာအသုံးချ၍ ကုန်ထုတ်လုပ်မှုတိုးမြှင့်အောင် ဆောင်ရွက်

MSME လုပ်ငန်းတွင် ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှုနှင့် အခြားလုပ်ငန်းများရှိကြောင်း၊ ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်၍ ရောင်းဝယ်မှုကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ရခြင်းမှာ ထုတ်လုပ်မှုကုန်ကျစရိတ်များခြင်း၊ ရောင်းလိုအားနှင့် ဝယ်လိုအားမမျှတခြင်းများကြောင့်ဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကြောင့် နိုင်ငံ၏လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုပါ ထိခိုက်စေနိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် ယခင်က ဆန်စပါးရှားပါးမှုနှင့် ကုန်ဈေးနှုန်း ကြီးမြင့်မှုများကြောင့် နိုင်ငံရေးဆူပူမှုများ ဖြစ်ပေါ်ခဲ့သည်ကို သမိုင်းတွင် တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း ထုတ်ကုန်ပစ္စည်းများ လုံလောက်စွာရှိရန် လိုအပ်သဖြင့် ကုန်ထုတ်လုပ်မှုကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှ ဆန်၊ စပါးများ ပြည်ပသို့ နှစ်စဉ်တင်ပို့လျက်ရှိကြောင်း၊ မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို စိုက်ပျိုးကြပြီး သီးထပ်သီးညှပ်များ စိုက်ပျိုးလျက်ရှိသကဲ့သို့ အချို့သော စိုက်ပျိုးမြေများတွင် စိုက်ပျိုးမှုများမရှိသည်ကို တွေ့ရှိရကြောင်း၊ သီးနှံများ စိုက်ပျိုးရာတွင် သီးထပ်များ စိုက်ပျိုးနိုင်မည်ဆိုပါက စိုက်ပျိုးရေးထွက်ကုန်များ ယခုထက် ပိုမိုတိုးတက်လာမည်ဖြစ်ပြီး ပြည်တွင်းစားသုံးမှုကိုသာမက ပြည်ပနိုင်ငံများသို့ပါ ပိုမိုတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမြေများကို အကျိုးရှိရှိအသုံးချ၍ မျိုးကောင်းမျိုးသန့်များဖြင့် စိုက်ပျိုးရန်လိုကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက MSME လုပ်ငန်းများအတွက် လိုအပ်သည့် စိုက်ပျိုးရေးထွက်ကုန် ကုန်ကြမ်းများကို ရရှိနိုင်မည်ဖြစ်ကြောင်း။

ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးအတွက် အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များကို ထုတ်လုပ်ရန်နှင့် ထုပ်ပိုးမှုများကို အဆင့်မီစွာ ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းနှင့် ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးချ၍ ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းလိုအပ်ချက်ရှိသည့် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်မည်ဆိုပါက ပြည်ပမှ တင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းများကိုသာမက မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တိရစ္ဆာန်အစာများလည်း လုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် မွေးမြူ၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့ရောင်းချနိုင်ပါက ပြည်ပဝင်ငွေများ ရရှိမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှ အသားထုတ်လုပ်မှုလုပ်ငန်းနှင့် ထွက်ရှိသည့် သားရေများဖြင့် သားရေထည်ထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ နေပြည်တော်နယ်မြေအတွင်း မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

*စာမျက်နှာ ၆ သို့*

❖ **ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးအတွက် အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များကို ထုတ်လုပ်ရန်နှင့် ထုပ်ပိုးမှုများကို အဆင့်မီစွာ ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်၊ ပြည်တွင်းနှင့် ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးချ၍ ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန်လို၊ ပြည်တွင်းလိုအပ်ချက်ရှိသည့် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်မည်ဆိုပါက ပြည်ပမှ တင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်**

*စာမျက်နှာ ၅ မှ*

မြေပေါ်သယံဇာတဖြစ်သည့် သစ်တောထွက်ပစ္စည်းများကိုလည်း အကျိုးရှိစွာ အသုံးချရန်လိုကြောင်း၊ အဆိုပါသယံဇာတပစ္စည်းများမှ ဝင်ငွေများစွာရှာနိုင်ကြောင်း၊ ဝါးနှင့် ပတ်သက်၍လည်း အချို့နိုင်ငံများတွင် ဝါးကိုနည်းပညာများ အသုံးပြု၍ တန်ဖိုးမြင့်လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ပြီး ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ကြကြောင်း၊ ရှိပြီးသားဖြစ်သည့် ဝါးတောများကို ထိန်းသိမ်းကြရန်လိုပြီး ထပ်မံတိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ ဝါးနှင့် သစ်များစိုက်ပျိုးရန်အတွက်လည်း မြေများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုပေးသွားမည်ဖြစ်ပြီး လုပ်ငန်းများ အမှန်တကယ် ဆောင်ရွက်ရန်လိုကြောင်း။

**အဓိကသွင်းအားစုများ လုံလောက်မှုရှိစေရေး ဝိုင်းဝန်းကြိုးပမ်း**

စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရန်အတွက် သွင်းအားစုများဖြစ်သည့် ကုန်ကြမ်း၊ ရေ၊ လျှပ်စစ်ဓာတ်အား၊ စက်မောင်းဆီ၊ ပိုးသတ်ဆေးများနှင့် မြေဩဇာများ လိုအပ်ကြောင်း၊ အချို့သော သွင်းအားစုများကို ပြည်ပမှ ဝယ်ယူရခြင်းဖြစ်ကြောင်း၊ ပြည်တွင်း၌ ဓာတ်မြေဩဇာများ လုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ သဘာဝမြေဩဇာများကိုလည်း သုံးစွဲကြရန်လိုကြောင်း၊ စက်ရုံအလုပ်ရုံများလည်ပတ်ရန်အတွက် လျှပ်စစ်ဓာတ်အားများရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်မှလည်း လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရေအသုံးပြုရာတွင် အဟောသိကံမဖြစ်စေဘဲ အကျိုးရှိစွာဖြင့် အသုံးပြုကြစေလိုကြောင်း၊ တစ်ကိုယ်ရေအသုံးပြုမှုကိုသာမက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၌ အသုံးပြုရာတွင်လည်း အကျိုးရှိစွာ အသုံးပြုရန်လိုကြောင်း၊ ရေနှင့်မြေကို အကျိုးရှိစွာ အသုံးပြုမည်ဆိုပါက အောင်မြင်မှုများ မလွဲမသွေ ရရှိစေမည်ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံငွေနှင့် ပတ်သက်၍ ကိုဗစ် – ၁၉ ကြောင့် ထိခိုက်ခဲ့သည့် နိုင်ငံ့စီးပွားပြန်လည်မြှင့်တင်ရေးအတွက် ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးခဲ့သကဲ့သို့ လုပ်ငန်းရှင်များကိုယ်တိုင်အနေဖြင့်လည်း လုပ်ငန်းများအောင်မြင်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ နိုင်ငံတော်သို့ ပြန်လည်ပေးဆပ်ရန်ရှိသည့် ချေးငွေများကိုလည်း ပြန်လည်ပေးဆပ်ကြရန်လိုကြောင်း၊ ကိုဗစ် – ၁၉ ချေးငွေများကိုလည်း ပြန်လည်ပေးဆပ်ရမည့်ကာလကို သတ်မှတ်ကာလတစ်ခုအထိ တိုးမြှင့်သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံငွေများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုပြီး နိုင်ငံအတွင်း ငွေကြေးလည်ပတ်မှုအားကောင်းရန်လိုကြောင်း။

**နိုင်ငံ့အနာဂတ်ဖြစ်သည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး အစိုးရနှင့် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းအားပေးရမည်**

လူသားအရင်းအမြစ် လိုအပ်ချက်နှင့်ပတ်သက်၍ အခြေခံလူသားအရင်းအမြစ်များ လိုအပ်သကဲ့သို့ နည်းပညာကျွမ်းကျင်သည့် လူသားအရင်းအမြစ်များလည်း လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးအားနည်းသည်ကို သန်းခေါင်စာရင်းများအရ သိရှိရကြောင်း၊ ထို့ကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးရှိ ခရိုင်များအားလုံးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ ဖွင့်လှစ်ပေးသွားရန် ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်တွင်လည်း Naypyitaw State Academy ကို မကြာမီဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ သားသမီးများအပါအဝင် နေပြည်တော်ရှိ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်နိုင်ရန် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ယခင်နှစ်က စာသင်ကျောင်းများကို ဖွင့်လှစ်ခဲ့သော်လည်း ကျောင်းတက်ရောက်မှုရာခိုင်နှုန်း နည်းပါးခဲ့ကြောင်း၊ ပညာသင်ကြားရေးနှင့် ပတ်သက်၍ အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရေးအတွက် သက်ဆိုင်ရာလုပ်ငန်းရပ်များအလိုက် လုပ်ငန်းခွင်သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးကြစေလိုကြောင်း၊ နေပြည်တော်နယ်မြေအတွင်း ပုဂ္ဂလိကပညာရေးကျောင်းများကိုလည်း ဖွင့်လှစ်ရန်အတွက် ခွင့်ပြုပေးထားပြီး ပညာရေးမြို့တော်ဖြစ်စေရေး အားလုံးဝိုင်းဝန်းအားပေးဆောင်ရွက်ကြရန်လိုကြောင်း။

နေပြည်တော်နယ်မြေအတွင်း ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ လည်ပတ်ရန်နေရာများစွာရှိကြောင်း၊ နောင်တွင် ဟိုတယ်လုပ်ငန်းများ များစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ခရီးသွားများကိုသယ်ယူပို့ဆောင်ရေးနှင့် ဒေသထွက်လက်ဆောင်များ ရောင်းချခြင်းများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊ အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှုနှင့် ပတ်သက်၍လည်း အားပေးဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကိုလည်း နိုင်ငံတော်အနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံများ ရှိပြီးဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများ အရေအတွက်ပမာဏ များစွာထုတ်လုပ်နိုင်မှသာ ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဒေသမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှ ထုတ်လုပ်ထားသည့် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ကလောပင်မဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၂၂

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ရှမ်းပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ကလောပင်မဓာတ်အားခွဲရုံ၏ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရအောင်ဘိုနှင့် တာဝန်ရှိသူတို့က ဓာတ်အားခွဲရုံဆိုင်ရာ အချက်အလက်များနှင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးထားမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အန္တရာယ်ကင်းရှင်းစွာဖြင့် ဓာတ်အားစဉ်ဆက်မပြတ် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး၊ ဗို့အားပြည့်ပြည့်ဝဝဖြင့် ပြည်သူလူထုအသုံးပြုနိုင်ရေး၊ ဓာတ်အားခွဲရုံသုံး လျှပ်စစ်ပစ္စည်းများ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေး ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများအား စနစ်တကျ စစ်ဆေးဆောင်ရွက်သွားရန်နှင့် ဓာတ်အားပျောက်ဆုံးမှု၊ ဓာတ်အားပြတ်တောက်မှုလျော့နည်းကျဆင်းစေရေး၊ ဓာတ်အားခွဲရုံ အတွင်း/အပြင် သန့်ရှင်းသာယာလှပရေးနှင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိအမြဲရှိစေရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားခဲ့ပြီး ဓာတ်အားထိန်းချုပ်ခန်းနှင့် Switchyard အတွင်း လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးနေမှုနှင့် လက်ရှိဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ၏ ဝန်အားထိန်းညှိ ဖြန့်ဖြူးထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအထက်ပိုင်းရှိ မြို့ကြီးများတွင် စက်သုံးဆီလုံလောက်စွာနှင့် ဈေးနှုန်းတည်ငြိမ်စွာဖြင့် ပုံမှန်ဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ဆောင်ရွက်နေ

**နေပြည်တော် အောက်တိုဘာ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ မြန်မာ့စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျက်ရှိသော စက်သုံးဆီသိုလှောင်ရုံနေရာများသို့ ရောက်ရှိကာ စီမံကိန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ရှင်းလင်းဆောင်တွင် စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေမောင်နှင့် မြန်မာ့စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်တို့က မြန်မာနိုင်ငံ အထက်ပိုင်းသို့ စက်သုံးဆီဖြန့်ဖြူးရေး၊ သိုလှောင်ရေးနှင့် စီမံကိန်းတည်ဆောက်ပြီးစီးမှု အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်ပမှ တင်သွင်းလာသည့် စက်သုံးဆီများကို မြန်မာနိုင်ငံအထက်ပိုင်းရှိ မြို့များသို့ ဖြန့်ဖြူးနိုင်ရေးအတွက် သယ်ယူမှု၊ လုံလောက်စွာ သိုလှောင်ထားရှိမှု၊ ဖြန့်ဖြူးမှုနှင့် မြန်မာနိုင်ငံအထက်ပိုင်းရှိ မြို့ကြီးများတွင် စက်သုံးဆီ လုံလောက်စွာနှင့် ဈေးနှုန်းတည်ငြိမ်စွာဖြင့် ပုံမှန်ဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုကို စစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ရုရှားနိုင်ငံတွင် ပညာသင်ကြားခဲ့သော နိုင်ငံ့ဝန်ထမ်းများနှင့် တွေ့ဆုံ

## မြန်မာနိုင်ငံနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးကို ကဏ္ဍစုံမှ တိုးမြှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၂

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ ဝန်ကြီးဌာနများမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာသင်ကြားခဲ့သော နိုင်ငံ့ဝန်ထမ်းများနှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံသည်။**



တွေ့ဆုံပွဲသို့ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်တာဝန်ခံများ၊ ရုရှား ဖက်ဒရေးရှင်းနိုင်ငံတွင် ပညာသင်ကြားခဲ့သော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်/ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကထိကများ၊ နည်းပြများက အွန်လိုင်းမှ တက်ရောက်ကြသည်။(ယာပုံ)

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးကို ကဏ္ဍစုံမှ တိုးမြှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မကြာသေးမီကာလက ရုရှားနိုင်ငံ၌ ပြုလုပ်ခဲ့သော (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်အတွင်း ဆွေးနွေးခဲ့သော နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကဏ္ဍ ရှစ်ခုတွင် ခရီးသွားလုပ်ငန်းကဏ္ဍမှာ တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းမှာ လူသားများ ကူးလူးဆက်ဆံမှုရှိနေသမျှ ကာလပတ်လုံး ရှိနေမည့်အပြင် နိုင်ငံအသီးသီး၌ ကူးသန်းရောင်းဝယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ ပူးတွဲအကောင်အထည်ဖော် လာကြသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးအလေးထားပါကြောင်း၊ ထို့ပြင် နှစ်နိုင်ငံဆက်ဆံမှုကိုမြှင့်တင်ရန်နှင့် ရုရှားခရီးသွား ဧည့်သည်များ ဝင်ရောက်လာပါက အဆင်ပြေချောမွေ့စေရန်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာသင်ကြားခဲ့သော ဝန်ကြီးဌာန အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများနှင့် တွေ့ဆုံ ဆွေးနွေးမှုများပြုလုပ်ရန်လည်း လမ်းညွှန်ထားရှိပါကြောင်း။

ယနေ့တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများအနေဖြင့် ရုရှားနိုင်ငံမှ ဧည့်သည်များကို လေ့လာရေးခရီးစဉ် ခေါ်ယူခြင်းဆိုင်ရာကိစ္စရပ်များနှင့် ရုရှားနိုင်ငံ၏ ခရီးသွားဈေးကွက်ကို မြှင့်တင်နိုင်ရေးဆောင်ရွက်ရာတွင် မိမိတတ်နိုင်သည့် အခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြမည်ဟု မျှော်လင့်ပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် ကျယ်ပြန့်သည့် သဘောသဘာဝရှိသည့်အတွက် အားလုံးဝိုင်းဝန်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်သောကြောင့် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် တက်ရောက်လာကြသူများက ရုရှားနိုင်ငံသားများ၏ အလေ့အထများ၊ ရုရှားနိုင်ငံသားများ မြန်မာနိုင်ငံအကြောင်း ပိုမိုသိရှိပြီး လာရောက်လည်ပတ်ရေးအတွက် ဆောင်ရွက်သင့်သည်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ရုရှားဘာသာစကား ကျွမ်းကျင်မှုသင်တန်းများကို ပူးပေါင်းဖွင့်လှစ်ရေးဆိုင်ရာ ကိစ္စရပ်များတို့ကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များက သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေးနှင့် ဆက်လက်ဆက်သွယ်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အကြံပြုတင်ပြခဲ့ကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အကြံပြုတင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့၌ ပုလဲအတွဲပေါင်း ၃၆၂ တွဲနှင့် ကျောက်မျက်အတွဲပေါင်း ၅၅ တွဲ ရောင်းချခဲ့ရ

**နေပြည်တော် အောက်တိုဘာ ၂၂**

၂၀၂၂ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်း အရိုင်းတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။



ယနေ့ပြပွဲတွင် ရောင်းချမည့် ကျောက်မျက်အတွဲအမှတ် ၁ မှ အတွဲအမှတ် ၁၂၀ အထိ ကျောက်မျက်အတွဲများကို ပြည်တွင်း၊ ပြည်ပရတနာ ကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ကျောက်မျက်အတွဲအမှတ် ၁ မှ အတွဲအမှတ် ၁၂၀ အထိ တင်သွင်းထားသော ဈေးနှုန်း တင်သွင်းလွှာများကို တာဝန်ရှိသူများက တင်ဒါအမှတ် ၁ နှင့် တင်ဒါအမှတ် ၂ ထဲသို့ ထည့်သွင်းပြီး နံနက် ၉ နာရီတွင် ဖွင့်ဖောက်စစ်ဆေးကာ ကျောက်မျက်အတွဲပေါင်း ၅၅ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ပြပွဲပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲအမှတ် ၁ မှ အတွဲအမှတ် ၇၅၀ ကို အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပပြုလုပ်သည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ အောက်တိုဘာ ၁၉ ရက်မှ စတင်၍ ၂၅ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၄၀၀ အနက်မှ စုစုပေါင်း ပုလဲအတွဲပေါင်း ၃၆၂ တွဲနှင့် ကျောက်မျက်အတွဲ ၁၂၀ အနက်မှ အတွဲပေါင်း ၅၅ တွဲ ရောင်းချခဲ့ရပြီး ကျောက်စိမ်းအတွဲ ၂၁၅၀ တို့ကို အောက်တိုဘာ၂၃ ရက်မှ ၂၅ ရက် နေ့များတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို ဆက်လက်ရောင်းချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ရောင်းချရာ၌ ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများကို ကြမ်းခင်းဈေး ယူရိုငွေဖြင့် သတ်မှတ်ထားပြီး ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအနေဖြင့် ငွေပေးချေရာတွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်၊ ဘတ်နှင့် ကျပ်ငွေများဖြင့် ပေးချေနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**





မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများအား ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ကြည့်ရှုလေ့လာကြစဉ်။

# အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

**(၄၁) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး၊ (၁၀) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောက်တိုဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။**

အောက်တိုဘာ ၂၀ ရက်တွင် ကျင်းပသည့် (၁၀) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်/ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်နှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။

အောက်တိုဘာ၂၀ ရက် နံနက်ပိုင်းတွင် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု နေ့ကို **"Stronger Together in Balancing Action to Enhance Localisation for Disaster Resilience"** ခေါင်းစဉ်ဖြင့် ကျင်းပဆောင်ရွက်ခဲ့ပြီး (၁၀) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးသည် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများ၊ အာဆီယံနိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့သည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အဆိုပါအစည်းအဝေး၌ နိုင်ငံအလိုက် ရှင်းလင်းဆွေးနွေးသည့်အစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အာဆီယံဒေသတွင်း နိုင်ငံများသည် နှစ်စဉ်သဘာဝဘေးအန္တရာယ်အမျိုးမျိုး ရင်ဆိုင်လျက်ရှိခြင်းနှင့်အတူ အဆိုပါဘေးအန္တရာယ်များကို ရင်ဆိုင်တုံ့ပြန်ခြင်းဖြင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်မှုဖြစ်လာစေရန် နိုင်ငံအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာကြီးပူနွေးလာမှုဖြစ်စဉ်များကို ရင်ဆိုင်နေရသည့် နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပြီး ဖြစ်ရိုး ဖြစ်စဉ်မဟုတ်သည့် သဘာဝဘေးများလည်း ဖြစ်ပွားလာလျက်ရှိပါကြောင်း၊ ယင်းဘေးများကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်စေရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဒုတိယဝန်ကြီးချုပ်၏ လမ်းညွှန်မှုနှင့်အတူ နိုင်ငံအတွင်း ရရှိနိုင်သော နည်းပညာ၊ အရင်းအမြစ်များအသုံးပြုကာ အားလုံးပါဝင်သော နည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ကနဦး ဆွေးနွေးခဲ့ပြီး လတ်တလောအကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်သေဆုံးမှုနှင့် ဘေးသင့်ပြည်သူများအား လူသားချင်းစာနာကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အာဆီယံ ၁၀ နိုင်ငံမှ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများနှင့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံတို့မှ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီး အဆင့်အစည်းအဝေးများကို သီးခြားစီကျင်းပခဲ့ရာ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်များ၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ပူးတွဲကြေညာချက်များနှင့်စပ်လျဉ်း၍ အပိုင်းအလိုက်၊ အခန်းကဏ္ဍအလိုက် ဆွေးနွေးအတည်ပြုခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများဖြစ်သော အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ (၄၁) ကြိမ်မြောက် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောက်တိုဘာ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့ရာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်နှင့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများ အကောင်အထည်ဖော်နေမှု၊ သဘာဝဘေး၊ လူကြောင့်ဖြစ်သော ဘေးများကြောင့် ဘေးသင့်သူများအား နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ပံ့ပိုးကူညီထောက်ပံ့မှု၊ အာဆီယံနှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကို ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးကာ ရှေ့ဆက်ပူးပေါင်း အကောင်အထည်ဖော်မည့်လုပ်ငန်းများကို သဘောတူညီမှုများ ရယူခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ထိရောက်သော ငါးလုပ်ငန်းများ စီမံခန့်ခွဲမှုတွင် ငါးသယံဇာတအရင်းအမြစ်များ၏ ကျက်စားရာနေရာများ ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

ငါးလုပ်ငန်းဦးစီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်တို့အကြား "ငါးလုပ်ငန်းဆိုင်ရာ သုတေသနနှင့် ရန်ပုံငွေထူထောင်မှု သဘောတူစာချုပ်" အရ ဆောင်ရွက်မည့် သုတေသနဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့ Grand Jade Hotel အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)**

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အာဟာရပြည့်ဝသည့် ငါး၊ ပုစွန်နှင့် ရေထွက်ကုန်များကို ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံရေးနှင့် ပြည်ပပို့ကုန်အဖြစ် တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ငါးလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိသကဲ့သို့ ထိရောက်သော ငါးလုပ်ငန်းများ စီမံခန့်ခွဲမှုတွင် ငါးသယံဇာတအရင်းအမြစ်များ၏ ကျက်စားရာနေရာများကို ထိန်းသိမ်းခြင်း၊ သုတေသနလုပ်ငန်းများကို အစိုးရနှင့် ပုဂ္ဂလိက ငါးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ငါးလုပ်ငန်းများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက ရေလုပ်ငန်းကဏ္ဍသည် လူတန်းစားအလွှာအသီးသီး၏ စားနပ်ရိက္ခာနှင့် အာဟာရပြည့်ဝရေး၊ အလုပ်အကိုင်နှင့် ဝင်ငွေရရှိရေးကို များစွာ အထောက်အကူပြုလျက်ရှိကြောင်း၊ ရေသယံဇာတများ ပြုန်းတီးမှုမဖြစ်ပေါ်စေရေးနှင့် ရေရှည်အကျိုးရှိစွာ သုံးစွဲနိုင်ရေးအတွက် ပင်လယ်ရေပြင်သယံဇာတများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး Blue Ocean Economy စံနှုန်းများ၊ ရေသယံဇာတများကို ရေရှည်တည်တံ့စေရန် သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် မွေးမြူရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းနိုင်ထွန်း၊ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးနှင့် ညွှန်ကြားရေးမှူးများ၊ မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာန ပါမောက္ခဌာနမှူး ဒေါက်တာချယ်ရီအောင်နှင့် တာဝန်ရှိသူများက ငါးလုပ်ငန်းဆိုင်ရာ သုတေသနဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှသန်းနှင့် လုပ်ငန်းရှင်များက ငါးလုပ်ငန်းဆိုင်ရာ သုတေသနနှင့် ရန်ပုံငွေထူထောင်မှုလုပ်ငန်းဆိုင်ရာများကို လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# သန့်ရှင်းသာယာသောမြို့၊ ရွာများ ဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၂**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာ ဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့အပါအဝင်မြို့နယ်လေးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်အပါအဝင် မြို့နယ် ၁၀မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းနောင်မြို့အပါအဝင် မြို့နယ်သုံးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့အပါအဝင် မြို့နယ်လေးမြို့နယ်တို့၌ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ အပါအဝင် မြို့နယ် ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အပါအဝင် မြို့နယ် ၁၇ မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၈ မြို့ နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌ လည်းကောင်းဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အဦများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ပူးပေါင်းအဖွဲ့များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

**သတင်းစဉ်**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုက်ဖျက်ရမည့် အဂတိလိုက်စားမှု

**မျိုးငြိမ်းငယ်**

## အဂတိလိုက်စားမှု

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများတွင် အဂတိလိုက်စားမှုကို အဓိကခြိမ်းခြောက်မှုတစ်ခုအဖြစ် တွေ့ရပါသည်။ အဂတိလိုက်စားမှုဖြစ်ရသည့် အရင်းခံအကြောင်းတရားများနှင့် ဖြစ်လာသည့်အကျိုးဆက်များသည် များစွာကျယ်ပြန့်သည်ကို တွေ့ရပါသည်။

အဂတိလိုက်စားမှုသည် အိမ်တစ်အိမ်တွင် ခြစားနေသည်နှင့်တူပါသည်။ ခြစားခြင်း၏သဘောသည် တဖြည်းဖြည်းနှင့် အိမ်ကိုဖျက်ဆီးခြင်းဖြစ်သဖြင့် နောက်ဆုံးတွင် အိမ်ပျက်စီးရသည့်အဖြစ်သို့ ရောက်ရပါသည်။ သို့ဖြစ်၍ အဂတိလိုက်စားမှုများကို အကျင့်ပျက်ခြစားမှုဟုလည်း သုံးနှုန်းကြပါသည်။ ယင်းသို့သော အဂတိလိုက်စားမှုများကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အတားအဆီးသဖွယ်ဖြစ်လာပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်တစ်ရပ် တည်ဆောက်ရာတွင် အဂတိလိုက်စားမှုများသည် ဆိုးကျိုးများကို ဖြစ်စေပြီး အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဆင်းရဲနွမ်းပါးသော လူ့အဖွဲ့အစည်းအပေါ် ကြီးမားသော ထိခိုက်ဆုံးရှုံးမှုများကို ဖြစ်စေလျက်ရှိပါသည်။ သို့ဖြစ်၍ အဂတိလိုက်စားမှုကို ကမ္ဘာ့ဘဏ်က အသံတိတ်လူသတ်သမားဟု သုံးနှုန်းထားသည်ကို တွေ့ရပါသည်။

ထို့အပြင် အဂတိလိုက်စားမှုသည် ရှုပ်ထွေးလှသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်စဉ်တစ်ရပ်ဖြစ်ပြီး တစ်ဦးချင်းအပေါ်၊ အဖွဲ့အစည်းများအပေါ်၊ နိုင်ငံအပေါ် အကျိုးသက်ရောက်မှုများ ရှိနေပါသည်။ အထူးသဖြင့် အဂတိလိုက်စားမှုကြောင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ကို ထိခိုက်စေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတည်ငြိမ်ရေးကိုပါ ထိခိုက်စေပါသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းဆဲ နိုင်ငံအတွက်မူ အဂတိလိုက်စားမှုကြောင့် ဒီမိုကရက်တစ်အင်စတီကျူးရှင်းများ ခိုင်မာရေးနှင့် တရားဥပဒေစိုးမိုးရေးကို အဟန့်အတားများ ဖြစ်စေလျက်ရှိပါသည်။

## အဓိပ္ပာယ်

အဂတိလိုက်စားမှုသည် ပါဝင်ပတ်သက်သူအမျိုးမျိုး၊ အဂတိလိုက်စားသည့် ပုံစံအမျိုးမျိုးရှိနေခြင်းကြောင့် အဂတိလိုက်စားမှုအတွက် တိကျသော အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိသော်လည်း ကုလသမဂ္ဂနှင့် နိုင်ငံအများအလိုက် အဓိပ္ပာယ်ဖွင့်ဆိုမှုများ ရှိကြပါသည်။ မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ (၂၀၁၃) အခန်း (၁) ပုဒ်မ ၃ တွင် လာဘ်ပေးလာဘ်ယူမှုကို အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။ ကမ္ဘာ့ဘဏ်၏ ဖွင့်ဆိုချက်တွင် အဂတိလိုက်စားမှုသည် ကိုယ်ကျိုးစီးပွားအတွက် လုပ်ပိုင်ခွင့်အာဏာ (public office) ကို အလွဲသုံးစားလုပ်ခြင်းဖြစ်ပြီး လာဘ်ပေးလာဘ်ယူမှုမှ ပြည်သူ့ဘဏ္ဍာငွေခိုးယူမှုအထိ ကျယ်ပြန့်သောအပြုအမူများ အကျုံးဝင်သည်ဟု ဆိုပါသည်။ အပ်နှင်းထားသောအာဏာကို ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားလုပ်ခြင်းဟု Transparency International အဖွဲ့က အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

ဝီကီပီးဒီးယားတွင် အဂတိလိုက်စားမှုသည် တရားမဝင်အကျိုးခံစားခွင့်များ ရယူရန် သို့မဟုတ် တစ်ဦးတစ်ယောက်၏ ကိုယ်ကျိုးအတွက် အာဏာအလွဲသုံးစားလုပ်ရန်အတွက် အခွင့်အာဏာအပ်နှင်းခံထားရသည့် လူတစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုက ဆောင်ရွက်သည့် မရိုးသားမှု သို့မဟုတ် ရာဇဝတ်မှုတစ်ခုဖြစ်သည်ဟု တွေ့ရပါသည်။ အဆိုပါဖွင့်ဆိုချက်များကိုကြည့်ပါက ကိုယ်ကျိုးစီးပွား၊ လုပ်ပိုင်ခွင့်၊ အလွဲသုံးစားမှု၊ တရားမဝင်ဆိုသည့် အဓိကအချက်များကို တွေ့ရပါသည်။ အဂတိလိုက်စားမှုတွင် တိုက်ရိုက်အဂတိလိုက်စားမှုနှင့် သွယ်ဝိုက်အဂတိလိုက်စားမှုဟူ၍လည်း တွေ့ရပါသည်။

## အရင်းခံအကြောင်းတရားများ

နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခုနှင့် လူအဖွဲ့အစည်းတစ်ရပ်အတွင်း အဂတိလိုက်စားမှု ဖြစ်ပေါ်စေသည့် အရင်းခံအကြောင်းတရားများသည် များပြားလှပါသည်။ ထိုအရင်းခံအကြောင်းတရားများတွင် ကိုယ်ကျင့်တရား၊ ဂုဏ်သိက္ခာ၊ လောဘ၊ စိတ်အရည်အသွေး၊ အစဉ်အလာကဲ့သို့ အတွင်းပိုင်းအရာများပါဝင်သကဲ့သို့ ဆင်းရဲမွဲတေမှု၊ မညီမျှမှု၊ ငွေကြေးမလုံလောက်မှု၊ ရှုပ်ထွေးသည့် လုပ်ငန်းစနစ်များ၊ အလုပ်အကိုင်ရှားပါးမှုကဲ့သို့သော အပြင်ပိုင်းအစိတ်အပိုင်းများလည်း ဆက်စပ်ပါဝင်နေတတ်ကြပါသည်။




**အဂတိလိုက်စားမှုသည် အိမ်တစ်အိမ်၏ အုတ်နံရံ၌ ညောင်ပင်ကပ်ပေါက်သကဲ့သို့ ယင်းညောင်ပင်ကြီးလာသည်နှင့်မျှ ကြီးထွားလာသည့် ညောင်မြစ်များက အိမ်တစ်အိမ်လုံးကို ပြိုကျပျက်စီးစေမည် ဖြစ်ပါသည်။ သို့ဖြစ်ရာ ညောင်မြစ်များကောင်းစွာအမြစ်မတွယ်မီကပင် ဖယ်ရှားရန်လိုအပ်ပါသည်။ အဂတိလိုက်စားမှုတစ်ခုသည် သာမန်အားဖြင့် အရေးမကြီးဟု ထင်ရသော်လည်း ယင်းကြောင့်ဖြစ်လာမည့် အကျိုးဆက်များသည် များပြားလှသည်ဖြစ်ရာ အဂတိလိုက်စားမှုကို မျက်ကွယ်ပြုနေခြင်း၊ ကြိုတင်မကာကွယ်ခြင်း၊ ဥပဒေအရ ထိရောက်စွာအရေးမယူနိုင်ခြင်းနှင့် အားလုံး၏ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်းတို့ကြောင့် အဂတိလိုက်စားမှုသည် လူ့အဖွဲ့အစည်းအတွင်းနှင့် အုပ်ချုပ်ရေးစနစ်အတွင်း ယဉ်ကျေးမှုတစ်ရပ်သဖွယ် အမြစ်တွယ်လာမည် ဖြစ်ပါသည်**

ယင်းအခြေအနေများအလိုက် အဂတိလိုက်စားမှုအကြီး၊ အသေးနှင့် အစုလိုက် အဂတိလိုက်စားမှုများကို ဖြစ်စေပါသည်။ ထို့အပြင် အဂတိလိုက်စားမှုသည် နိုင်ငံတစ်ဝန်း ကဏ္ဍအားလုံးတွင် နေရာမရွေး၊ မည်သူမဆို ပါဝင်ပတ်သက်နိုင်သည့်အပြင် နောက်ကွယ်မှ အဂတိလိုက်စားမှုများလည်း ဖြစ်ပွားနိုင်ပါသည်။

ထိုသို့သောအခြေအနေများတွင် အဂတိလိုက်စားမှုဖြစ်ပွားနိုင်သည့် အရင်းခံအကြောင်းတရားများသည်လည်း အခြေအနေနှင့် အချိန်အခါအလိုက် ပြောင်းလဲဖြစ်ပွားကြသည်ကို တွေ့ရပါသည်။ ယင်းသို့ဖြစ်ပွားနိုင်သည့် အကြောင်းရင်းများထဲတွင် ယေဘုယျအားဖြင့် အစိုးရအင်စတီကျူးရှင်းများ၏ စွမ်းဆောင်ရည် အားနည်းမှု၊ ရှုပ်ထွေးသော လုပ်ထုံးလုပ်နည်းများ၊ ဗဟိုချုပ်ကိုင်မှုများခြင်း၊ စီးပွားရေးလွတ်လပ်မှုနှင့် ပွင့်လင်းမြင်သာမှု အားနည်းခြင်း၊ တာဝန်ယူမှုတာဝန်ခံမှုမရှိခြင်း၊ အပြန်အလှန်ထိန်းကျောင်းမှုမရှိခြင်း၊ ဝန်ထမ်းများ၏လုပ်ခလစာမလုံလောက်မှု၊ သတင်းလွတ်လပ်ခွင့်၊ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေး၊ ယဉ်ကျေးမှုဓလေ့စရိုက်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒနှင့် အကောင်အထည်ဖော်မှုအားနည်းခြင်း၊ ဒီမိုကရေစီအလေ့အကျင့်များနှင့် လူထု၏ပူးပေါင်းလုပ်ဆောင်မှုအားနည်းခြင်း၊ ယှဉ်ပြိုင်မှုအားနည်းခြင်း၊ ဆင်းရဲမွဲတေမှုများ၊ ပညာရေးအခြေအနေ၊ နိုင်ငံရေးမတည်ငြိမ်မှုကဲ့သို့သော အကြောင်းတရားများတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ဆက်စပ်ပါဝင်နေသည်ကို တွေ့ရပါသည်။

သို့ဖြစ်ရာ အဂတိလိုက်စားမှုဖြစ်စေသည့် အကြောင်းတရားများသည် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ချင်းစီ၏ စိတ်သဘောထား၊ အလေ့အထတို့နှင့် သက်ဆိုင်သည်ကို တွေ့ရသကဲ့သို့ ပတ်ဝန်းကျင်အခြေအနေများ၏ လွှမ်းမိုးမှုများကြောင့် ဖြစ်ပွားသည်ကိုလည်း တွေ့ရပါသည်။

## အကျိုးဆက်များ

အဂတိလိုက်စားမှုသည် နယ်ပယ်စုံ၊ လူတန်းစားပေါင်းစုံတွင် တွေ့ရတတ်သည်ဖြစ်ရာ ယင်းမှဖြစ်လာသည့် အကျိုးဆက်များသည်လည်း များပြားကျယ်ပြန့်လှပါသည်။ ဥပမာအားဖြင့် စီးပွားရေးနယ်ပယ်ဆိုင်ရာတွင် အဂတိလိုက်စားမှုကြောင့် စီးပွားရေးလုပ်ကိုင်ရန်ခက်ခဲလာခြင်း၊ စီးပွားရေးမညီမျှမှုများဖြစ်လာခြင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ မဝင်ရောက်ခြင်း၊ စီးပွားရေးတိုးတက်မှုကျဆင်းခြင်းတို့အပြင် အလုပ်အကိုင်အခွင့်အလမ်းရရှိမှု၊ ယှဉ်ပြိုင်မှု၊ စီးပွားရေးတစ်ရပ်လုံး တစ်ပြေးညီဖွံ့ဖြိုးမှုတို့တွင်လည်း အကျိုးသက်ရောက်လာသည်ကို တွေ့ရပါသည်။

အလားတူပင် အဂတိလိုက်စားမှုများရှိနေသည့် အခြားသောနယ်ပယ်များတွင်လည်း ဆိုးကျိုးများ သက်ရောက်လျက်ရှိပါသည်။ အဂတိလိုက်စားမှုဖြစ်ပွားသည့်ကဏ္ဍများ ကျယ်ပြန့်လာသည်နှင့်အမျှ ဖြစ်လာသည့်အကျိုးဆက်များသည် တစ်ဦးချင်းအပေါ်၊ လူ့အဖွဲ့အစည်းအပေါ်နှင့် နိုင်ငံအပေါ် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်စေပါသည်။ ယင်းသည် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသော အဟန့်အတားတစ်ခုအဖြစ် တွေ့ရပါသည်။

အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များနှင့်ပတ်သက်၍ ကုလသမဂ္ဂ၏ တွေ့ရှိချက်များတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို လျော့ကျစေခြင်း၊ နိုင်ငံ၏ စွမ်းဆောင်ရည်ကျဆင်းခြင်း၊ စီးပွားရေးဆုံးရှုံးမှုနှင့် စွမ်းဆောင်ရည်ကျဆင်းခြင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ကျဆင်းခြင်း၊ ဆင်းရဲမွဲတေမှုနှင့်မညီမျှမှု၊ ကိုယ်ရည်ကိုယ်သွေးဆုံးရှုံးခြင်း၊ ယုံကြည်မှုကျဆင်းခြင်း၊ မသမာမှုနည်းလမ်းများ တိုးမြင့်လာခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား အခက်အခဲများဖြစ်ပေါ်လာခြင်းစသည်တို့ ပါဝင်သည်ကို တွေ့ရပါသည်။ ယင်းအချက်များသည် ယေဘုယျခြုံငုံသည့်အချက်များသာဖြစ်ပြီး အဂတိလိုက်စားမှုဖြစ်ပွားသည့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် သက်ဆိုင်ရာနယ်ပယ်အလိုက် ဆုံးရှုံးမှုများနှင့် ဆင့်ပွားအကျိုးဆက်များ ရှိနေပါသည်။

လက်တွေ့နယ်ပယ်တွင်လည်း အဂတိလိုက်စားမှုများကြောင့် တစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများအပေါ် ထိခိုက်စေလျက်ရှိပါသည်။ ထို့အပြင် အဂတိလိုက်စားမှုများကြောင့် ယုံကြည်မှုများကျဆင်းခြင်း၊ လူထုနှင့်ပူးပေါင်းဆောင်ရွက်မှုကျဆင်းခြင်းနှင့် မသမာမှုနည်းလမ်းများ ပိုမိုအသုံးပြုလာခြင်းစသည့် ကွင်းဆက် ဘေးထွက်ဆိုးကျိုးများလည်း ဖြစ်ပေါ်လာသည်ကို တွေ့ရပါသည်။

## ထိရောက်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေး

အထက်တွင် ဆိုခဲ့သကဲ့သို့ အဂတိလိုက်စားမှုသည် အိမ်တစ်အိမ်၏ အုတ်နံရံ၌ ညောင်ပင်ကပ်ပေါက်သကဲ့သို့ ယင်းညောင်ပင်ကြီးလာသည်နှင့်မျှ ကြီးထွားလာသည့် ညောင်မြစ်များက အိမ်တစ်အိမ်လုံးကို ပြိုကျပျက်စီးစေမည် ဖြစ်ပါသည်။ သို့ဖြစ်ရာ ညောင်မြစ်များ ကောင်းစွာအမြစ်မတွယ်မီကပင် ဖယ်ရှားရန် လိုအပ်ပါသည်။ အဂတိလိုက်စားမှုတစ်ခုသည် သာမန်အားဖြင့် အရေးမကြီးဟု ထင်ရသော်လည်း ယင်းကြောင့်ဖြစ်လာမည့် အကျိုးဆက်များသည် များပြားလှသည်ဖြစ်ရာ အဂတိလိုက်စားမှုကို မျက်ကွယ်ပြုနေခြင်း၊ ကြိုတင်မကာကွယ်ခြင်း၊ ဥပဒေအရ ထိရောက်စွာ အရေးမယူနိုင်ခြင်းနှင့် အားလုံး၏ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်းတို့ကြောင့် အဂတိလိုက်စားမှုသည် လူ့အဖွဲ့အစည်းအတွင်းနှင့် အုပ်ချုပ်ရေးစနစ်အတွင်း ယဉ်ကျေးမှုတစ်ရပ်သဖွယ် အမြစ်တွယ်လာမည် ဖြစ်ပါသည်။

အဂတိလိုက်စားမှုသည် တစ်ကမ္ဘာလုံးအတိုင်းအတာအရ နှစ်စဉ် ကမ္ဘာ့ GDP ၏ ၅ ရာခိုင်နှုန်းအနည်းဆုံးရှိနေပြီး ယင်းမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ထရီလီယံပမာဏနှင့် ညီမျှကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ်အချက်အလက်များအရ သိရပါသည်။ များစွာကြီးမားသော ပမာဏဖြစ်သည်ကို တွေ့ရပါသည်။ သို့ဖြစ်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေး *စာမျက်နှာ ၁၁ သို့*

# လူငယ်တိုင်း နောင်တကင်းစွာ လျှောက်ရမည့်လမ်း

ဒေါက်တာမင်းသန့် (ဒဿန)

**နောင်တဆိုသည်မှာ မကောင်းသောအလုပ်၊ မမှန်သောအလုပ်၊ မသင့်တော်သောအလုပ် စသည်တို့ကို တွေးမိ၊ ပြောမိ၊ ပြုလုပ်မိရာမှ ပြန်လည်စိုးရိမ်ပူပန်ရခြင်းမျိုး ဖြစ်ပေသည်။ မှန်သည့်အလုပ်၊ ကောင်းသည့်အလုပ်မှန်သမျှ နောင်တရစရာမရှိ၊ ပြန်လည်တွေးမိတိုင်း ဝမ်းမြောက်ခြင်း၊ ကြည်နူးခြင်း၊ နှစ်သက်ခြင်းတို့သည် ဖြစ်ပေါ်နေပေလိမ့်မည်။ ထို့ကြောင့် မည်သူမဆို နောင်တဖြစ်စေမည့် အတွေး၊ အပြော၊ အလုပ်တို့ မပြုလုပ်ခြင်းအားဖြင့် မိမိအကျိုး၊ အများအကျိုး စောင့်ထိန်းရာ ရောက်ပေလိမ့်မည်။**



စာရေးသူသည် ကျောင်းပိတ်ရက်အတွင်း အားကစား၊ စာပေ၊ ကြံ့ခိုင်ရေး လေ့ကျင့်သင်ကြားနေကြသော ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) ရှိ တိုင်းရင်းသား တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား လူငယ်များ နောင်တရတတ်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဟောပြောပွဲပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

ထိုတိုင်းရင်းသားလူငယ်လေးများသည် တက္ကသိုလ်ပထမနှစ်မှ နောက်ဆုံးနှစ်အထိ ဝိဇ္ဇာ၊ သိပ္ပံ၊ အင်ဂျင်နီယာဘာသာရပ်များအပြင် ယဉ်ကျေးမှုဘာသာရပ်များပါ သင်ယူကြရသူများ ဖြစ်သည်။ မြန်မာပြည်တစ်နံတစ်လျား နယ်စပ်ဒေသအသီးသီးမှ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားပေါင်းစုံ ပါဝင်တက်ရောက်လျက်ရှိပြီး နိုင်ငံတော်မှ အစစအရာရာ တာဝန်ယူ ကုန်ကျခံကာ စနစ်တကျ သင်ကြားလေ့ကျင့်ပေးမှုကြောင့် စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းကောင်းမွန်ခြင်းကို တွေ့မြင်ရပါသည်။ စနစ်တကျ နေရာယူထားသော တိုင်းရင်းသားလူငယ်ကလေးများကို စာရေးသူ ဟောပြောဆွေးနွေးရသည်မှာ အားပါးတရရှိလှသည်။ ပြောရင်း ပြောရင်း စိတ်အားပိုမို ထက်သန်ကာ စိတ်ပျော်ရွှင်၍ပင် လာပါသည်။

တိုင်းရင်းသား တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား လူငယ်များနောင်တရတတ်သည့် အကြောင်းအရာများ ဟောပြောသည်ဟု ဆိုသော်လည်း စာပေသင်ကြားသကဲ့သို့ တစ်ယောက်တည်း ဒိုင်ခံပြောခြင်းမျိုး မဟုတ်ဘဲ အချက်အလက်များ ပြောလိုက်၊ မေးခွန်းလေးများဖြေလိုက်၊ တိုင်းရင်းသားသံဝဲဝဲနှင့် နားဝင်ပီယံဖြစ်လိုက်၊ ရယ်မောစရာပါလျှင် ရယ်မောလိုက်ကြနှင့် ဟောပြောရသည့်အချိန်ပင် သတ်မှတ်ချက်ထက်လွန်သွားခဲ့ပါသည်။ ထို့ကြောင့်လည်း ယခုကဲ့သို့ စနစ်ကျသည့် တိုင်းရင်းသား ကျောင်းသားလေးများအား လူငယ်များနောင်တရစေမည့်ကိစ္စရပ်များကို သတိပြုဆင်ခြင်နိုင်ရေး ပိုအလေးပေး ဟောပြောဆွေးနွေးမိပါသည်။ အဓိကဟောပြောဆွေးနွေးသည့် အကြောင်းအရာမှာ ပညာသင်ယူချိန် အပတ်တကုတ် ကြိုးစားသင်ယူရေး၊ ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းချိန် စုဆောင်းမိအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ နောင်ရေးအတွက် ကုသိုလ်ကောင်းမှုများများ ဖြည့်ဆည်းသွားရေး၊ အကယ်၍ ပြုဖွယ်ကိစ္စများကို အချိန်အခါနှင့် ဆောင်ရွက်သင့်သည့်အချိန် မဆောင်ရွက်နိုင်ခဲ့လျှင် တစ်ချိန်ချိန်၌ နောင်တကြီးစွာရကာ ပူပန်ဆင်းရဲမှုတွေ ဖြစ်လာနိုင်ကြောင်း အောက်ပါအတိုင်း အလေးပေး ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ပါသည်။

### ငယ်စဉ်အခါ ပညာကြိုးစားသင်ယူပါ

လူငယ်လူရွယ်တိုင်း ပညာသင်မည့်အရွယ်တွင် ကြိုးစားသင်ယူကြရန်လိုပါသည်။ လူငယ်ဆိုသည်မှာ မိမိတစ်ဦးတည်းအတွက်သာမက မိမိမိသားစုအတွက်၊ မိမိလူမျိုးအတွက်၊ မိမိနိုင်ငံအတွက် တစ်ချိန်ချိန်တွင် ဦးဆောင်ကြရမည်ဖြစ်ပါသည်။ သို့အတွက် အသိပညာ၊ အတတ်ပညာ ကြွယ်ဝနေဖို့ လိုပါသည်။ အထူးသဖြင့် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်မည့် မျိုးဆက်သစ် လူငယ်များသည် ပညာရပ်များ တတ်မြောက်နေရန် အရေးကြီးပါသည်။ ထို့ကြောင့် နိုင်ငံတော်က အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာရပ်များမှစ၍ တက္ကသိုလ်ပညာရပ်များအထိ ကောင်းမွန်စွာ သင်ယူနိုင်ရေး အလေးပေးဆောင်ရွက်ထားရှိခြင်း ဖြစ်ပါသည်။

လူငယ်များသည် အရွယ်အလိုက်၊ အတန်းအလိုက် သင်ယူကြရသည့် ပညာရပ်များကို တတ်သိနားလည်အောင်၊ တတ်မြောက်အောင် အပတ်တကုတ် ကြိုးစားသင်ယူကြရပါမည်။ ပညာရပ်များ တတ်မြောက်ပါမှ လူငယ်တို့၏ ဘဝလမ်းခရီး ဖြောင့်ဖြူးသာယာပေလိမ့်မည်။ ထို့ကြောင့် လူငယ်လူရွယ်များသည် အချိန်ရှိခိုက် လုံ့လစိုက်ရမည်။ အရွယ်အလိုက် ပညာကို လိုချင်စိတ်၊ ထူးချွန်လိုစိတ်ဖြင့် အပတ်တကုတ် ကြိုးစားသင်ယူကြရပါမည်။ **“နွတ်မှူလကမ်မှု၊ အတတ်စုကို၊ ငယ်နသောအား မမေ့ကြားနှင့်၊ ရင်းဖျားကုန်စင်၊ တတ်မြော်မြင်က၊ တစ်ခုမျှလျက်၊ အသက်မွေးကြောင်း၊ ဖြစ်တုံရှောင်း၏...”** ဟု လောကနီတိပျို့တွင် ဆိုထားကြောင်းလည်း ရှင်းပြရပါသည်။

အသိပညာ၊ အတတ်ပညာတစ်ခုခုကို ကျွမ်းကျင်စွာ တတ်မြောက်ထားပါက ထိုပညာဖြင့် ဘဝတစ်သက်တာ ပူပန်စရာမလိုအောင် အသက်မွေးဝမ်းကျောင်းပြုနိုင်ပေလိမ့်မည်။ ပညာသင်ကြားရန် စိတ်ပါဝင်စားမှုမရှိဘဲ ပျော်ပါးမှုနောက်လိုက်ပါသွားခြင်း၊ ပေါ့ပေါ့တန်တန်နေခြင်းတို့ကြောင့် အသက်အရွယ်ရလာသည့်အခါ ပင်ပန်းကြီးစွာ ခက်ခဲစွာ အသက်မွေးရပေတော့မည်။ ထိုအချိန်ကျမှ ငါသည် ပညာကို ကောင်းစွာမသင်ယူမိခဲ့လေခြင်းဟု နောင်တကြီးစွာရတတ်ကြောင်း ဟောပြောဆွေးနွေးခဲ့ပါသည်။

### ပစ္စည်းဥစ္စာရှာဖွေခြင်းနှင့်စုဆောင်းခြင်း

လောကသဘာဝတရားအရ လူဆိုသည်မှာ တစ်ဦးတည်းရပ်တည်၍ မရပါ။ မိသားစုနှင့်၊ ဆွေမျိုးအသိုင်းအဝိုင်းနှင့်၊ မိတ်ဆွေသင်္ဂဟနှင့်၊ လူ့အဖွဲ့အစည်းနှင့်နေကြရသည်။ ပေါင်းသင်းကြရသည်။ ဆက်ဆံကြရပါသည်။ ထို့ကြောင့် လူမှန်လျှင် လောကီအကျိုးစီးပွား၊ လောကုတ္တရာအကျိုးစီးပွားဟူ၍ နှစ်ဖြာသောအကျိုးစီးပွား ဖြစ်ထွန်းအောင် ကြိုးစားကြရပါသည်။ မြတ်ဗုဒ္ဓက လောကီအကျိုးစီးပွားကို မှန်ကန်သည့်နည်းဖြင့် တရားသဖြင့် ကြိုးပမ်းရှာ၍ ချမ်းသာစွာနေခြင်း၊ မိသားစုအားကျွေးမွေးခြင်း၊ အမိအဖတို့အား စောင့်ရှောက်ခြင်း၊ သဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းမှုပြုခြင်း စသည်ဖြင့် အလေးထားဆောင်ရွက်ရန် လမ်းညွှန်ထားကြောင်းကိုလည်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့ကြောင့် လူငယ်လူရွယ်တို့သည် ပညာရပ်များ တတ်မြောက်ပြီးပါက မိမိဘဝရပ်တည်ရေးအတွက်လည်းကောင်း၊ မိမိဦးဆောင်သောမိသားစုနှင့် လူ့ပတ်ဝန်းကျင်အတွက်လည်းကောင်း ပစ္စည်းဥစ္စာကို ကြိုးပမ်းအားထုတ် ရှာဖွေကြရပါမည်။ ဤသို့ ပစ္စည်းဥစ္စာရှာဖွေရာတွင် အခြေအနေနှင့် အချိန်အခါကိုလိုက်၍ ဆောင်ရွက်ကြရပေမည်။ ငယ်စဉ်ခါကတည်းက ကြိုးပမ်းအားထုတ်ရှာဖွေခြင်းမပြုဘဲ ပျင်းရိပျော်ဆနေလျှင်၊ လေလံထိုင်မှိုင်းနေလျှင်၊ မရေမရာကိစ္စရပ်များနှင့် အချိန်ဖြုန်းတီးပစ်နေလျှင်၊ အပျော်အပါး ဦးစားပေးနေလျှင် ဘဝအတွက် ဆိုးကျိုးများ ဖြစ်ပေါ်လာစေမည် ဖြစ်ကြောင်း အထောက်အထားသာဓကများနှင့်တကွ ရှင်းပြရပါသည်။ လူငယ်လူရွယ်များအနေဖြင့် ပစ္စည်းဥစ္စာရှာသင့်သည့်အချိန်တွင် မိမိအစွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ခြင်းမပြုခဲ့လျှင်

- ပျင်းရိပျော်သွမ်းသူသည် အတတ်ပညာလည်း ရှိနိုင်မည် မဟုတ်ကြောင်း၊
- အတတ်ပညာမရှိလျှင် စီးပွားဥစ္စာဖြစ်ထွန်းလာမည် မဟုတ်ကြောင်း၊
- စီးပွားဥစ္စာမရှိလျှင် လောကအလယ်ရပ်တည်နိုင်မည် မဟုတ်ကြောင်း၊
- လောကအလယ်မရပ်တည်နိုင်လျှင် ချမ်းသာသုခရမည်မဟုတ်ကြောင်း၊
- ချမ်းသာသုခမရှိလျှင် ကောင်းမှုကုသိုလ်ပြုနိုင်မည်မဟုတ်ကြောင်း၊
- ကောင်းမှုကုသိုလ်မရှိလျှင် သံသရာအတွက် ကောင်းမည်မဟုတ်ကြောင်း ရှင်းပြခဲ့ရပါသည်။

ထို့ကြောင့် ပစ္စည်းဥစ္စာကို ငယ်ရွယ်စဉ် ကြိုးပမ်းရှာဖွေထားမှသာ နောင်ရေးအတွက် စိတ်အေးရပေလိမ့်မည်။ ပစ္စည်းဥစ္စာကို ရှာဖွေရာတွင်လည်း ကြိုးပမ်းရှာဖွေနေရုံမျှမက ပြီးသေးဘဲ အမြော်အမြင်ရှိစွာ စုဆောင်းသင့်သည်များကို စုဆောင်းတတ်ဖို့လည်း လိုပါသည်။ ယနေ့ခေတ် မြန်မာလူမျိုးအများစုမှာ ပစ္စည်းဥစ္စာများကို စုဆောင်းကြသည့် အလေ့အထ နည်းပါးလာကြသည်ကို တွေ့ရပါသည်။ မြန်မာလူမျိုးအများစုသည် ပစ္စည်းဥစ္စာကို ရှာလို့ရသမျှ သုံးပစ်ကြသည်က များသည်။ အချို့က ပျော်ပါးပစ်ကြသည်။ လတ်တလော အဆင်ပြေလျှင်ပြီးရော သဘောဖြင့် အပျော်အပါးဘက်တွင် ဖြုန်းတီးပစ်ကြသည်က များပါသည်။

ပစ္စည်းဥစ္စာဆိုသည်မှာ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ရှာဖွေလို့ရသမျှ စားသင့်သလောက်စား၊ သုံးသင့်သလောက်သုံး၊ စုသင့်သလောက် စုဆောင်းကြရသည်။ ဤသို့ စနစ်တကျ စုဆောင်းတတ်မှသာ အလှူဒါန ကောင်းစွာပြုလုပ်ခြင်း၊ အသက်အရွယ်ကြီးရင့်လာသည့်အခါ အေးချမ်းစွာ နေထိုင်နိုင်ခြင်းတို့ ဆောင်ရွက်နိုင်လိမ့်မည်။ သို့မဟုတ်ဘဲ ငယ်ရွယ်စဉ်က ပစ္စည်းဥစ္စာကို ကြိုးပမ်းရှာဖွေမှုမပြုခြင်း၊ စနစ်တကျ စုဆောင်းမှုမပြုခဲ့ခြင်းတို့ကြောင့် လိုအပ်လာသည့်အခါ၊ အသက်အရွယ် ကြီးပြင်းလာသည့်အခါ ငါရွယ်ရှိစဉ်က မကြိုးပမ်းမိလေခြင်း၊ မစုဆောင်းခဲ့သည်မှာ မှားမိလေခြင်းဟု နောင်တကြီးစွာ ရပေလိမ့်မည်ဖြစ်ကြောင်း သတိပြုလိုက်နာ ဆောင်ရွက်နိုင်ကြစေရန် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

### ပြုသင့်သည့်ကုသိုလ်ကောင်းမှု မရှိခြင်း

ထို့ပြင် တိုင်းရင်းသားအပေါင်းတို့၏ အမိမြန်မာနိုင်ငံတော်ကြီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ဦးတည်ဆောင်ရွက်နေသည့် နိုင်ငံတော်ကြီးဖြစ်ပေသည်။ ဒီမိုကရေစီ၏ အနှစ်သာရနှင့်အညီ နိုင်ငံတော်အတွင်း မည်သည့်ဘာသာမဆို မိမိယုံကြည်ချက်နှင့်အညီ လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိပါသည်။ သို့သော် အေဒီ ၁၀၄၄ တွင် အနော်ရထာမင်းကြီးနှင့် ရှင်အရဟံတို့၏ ကြိုးပမ်းချက်အရ ထေရဝါဒဗုဒ္ဓဘာသာထွန်းကားခဲ့ပြီး ယနေ့မြန်မာ့ လူဦးရေ ၅၁ သန်းခန့်၏ ၈၇ ရာခိုင်နှုန်းခန့်မှာ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပါသည်။

မိရိုးဖလာ ဗုဒ္ဓဘာသာဝင်အများစု နေထိုင်ရာတိုင်းပြည်ဖြစ်သည်နှင့်အညီ မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘုရားရှင်၏ အဆုံးအမတော်နှင့်အတူ ယုံကြည်ချက် သဒ္ဓါတရားကောင်းကြသည်။ ကံနှင့်ကံ၏ အကျိုးတရားကို လက်ခံယုံကြည်ကြသည်။ အတိတ်ဘဝ၊ ပစ္စုပ္ပန်ဘဝ၊ အနာဂတ်ဘဝတို့ကို သိရှိကြသည်။ သံသရာလည်ခြင်းကိုလည်း နားလည်ကြသည်။ ထို့ကြောင့် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုများကို နားလည်သည့်အရွယ်မှစ၍ အသက်အရွယ်အလိုက် ပြုလုပ်ကြရမည်၊ ဖြည့်ကျင့်ကြရမည်ဟု တိုင်းရင်းသားလူငယ်များအား သမိုင်းကြောင်းအစဉ်အလာကောင်းများနှင့်အတူ သိရှိနားလည်နိုင်စေရန် ရှင်းပြရပါသည်။

*စာမျက်နှာ ၁၁ သို့*

- ❑ **ယနေ့ခေတ် မြန်မာလူမျိုးအများစုမှာ ပစ္စည်းဥစ္စာများကို စုဆောင်းကြသည့် အလေ့အထ နည်းပါးလာကြသည်ကို တွေ့ရပါသည်။ မြန်မာလူမျိုးအများစုသည် ပစ္စည်းဥစ္စာကို ရှာလို့ရသမျှ သုံးပစ်ကြသည်က များသည်။ အချို့က ပျော်ပါးပစ်ကြသည်။ လတ်တလောအဆင်ပြေလျှင်ပြီးရောသဘောဖြင့် အပျော်အပါးဘက်တွင် ဖြုန်းတီးပစ်ကြသည်က များပါသည်**
- ❑ **ပစ္စည်းဥစ္စာဆိုသည်မှာ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ရှာဖွေလို့ရသမျှ စားသင့်သလောက်စား၊ သုံးသင့်သလောက်သုံး၊ စုသင့်သလောက် စုဆောင်းကြရသည်။ ဤသို့ စနစ်တကျစုဆောင်းတတ်မှသာ အလှူဒါန ကောင်းစွာပြုလုပ်ခြင်း၊ အသက်အရွယ် ကြီးရင့်လာသည့်အခါ အေးချမ်းစွာ နေထိုင်နိုင်ခြင်းတို့ ဆောင်ရွက်နိုင်လိမ့်မည်**

## ကျိုင်းတုံမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ကျိုင်းတုံ အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်း အခမဲ့ဖြန့်ဝေခြင်းကို အောက်တိုဘာ ၂၁ ရက်က ကျိုင်းတုံမြို့သစ်အာခါဈေးတွင် တာဝန်ရှိသူများက ဆောင်ရွက်သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာနဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများက ကျိုင်းတုံမြို့သစ် အာခါဈေးအတွင်း ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးပြီး စနစ်တကျတပ်ဆင်၍ ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်ကြရန်နှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များ အသိပညာပေးခြင်းများ ဆောင်ရွက်ခြင်းဖြစ်သည်။

**ကျော်စိန်သန်း (ပြန်/ဆက်)**



## ၂၀၂၂ ခုနှစ် အောက်တိုဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြု ရေးသားသည့် "လူငယ်နှင့် ခေါင်းဆောင်မှု" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (အောက်တိုဘာလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ ခင်မောင်အေးတို့၏ "လူငယ်နှင့် ခေါင်းဆောင်မှု" မျက်နှာဖုံးဆောင်းပါးများ၊ ကောင်းသန့်၊ ညီညီဖေ၊ မောင်ဒီပ (ပညာရေး)၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်၊ ညီမော်သိမ်း၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ ဆန်းသစ်အောင် (မဟာဝိဇ္ဇာ-အင်္ဂလိပ်ဘာသာစကား)၊ ကိုဇော်ငွေး(ယဉ်ကျေးမှု)၊ ဒေါက်တာ လွင်သန့်တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ ပါမောက္ခကိုကိုအောင်၊ အေးထွန်းမင်းတို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ မောင်ပေါ်ထွန်း၊ ကိုရင်ကျော်တို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ ဦးစိုင်းကျော်သူ၊ K.M.A တို့၏ ရွှေးကောက်ပွဲနှင့် ဒီမိုကရေစီဆိုင်ရာ ဆောင်းပါးများ၊ စံမြတ်ဘုန်း(စစ်ကိုင်း)၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး) တို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ နေညိုယဉ်၊ ဒေါက်တာ မြင့်သန်း၊ ဆရာနောင်တို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ဆောင်းဝင်းလတ်၊ ရဲထက်ဇော်၊ စန်းနီလာဝင်း၊ ဇီဇဝါ၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူမည်း သရုပ်ဖော်ပုံဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း- ၀၆၇- ၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း- ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၉ မှ*

တာဝန်တစ်ရပ်ကဲ့သို့ ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းကြရမည်ဖြစ်ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို နိုင်ငံအသီးသီး၊ အစိုးရအသီးသီးက ကိုင်တွယ်ဖြေရှင်းနေကြသည်များရှိသကဲ့သို့ ကုလသမဂ္ဂမှလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်နေသည်များရှိပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (UNCAC)သည် ဒေသတွင်းရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအစီအစဉ်များကို အားကောင်းစေရန်နှင့် ပြည့်စုံသောမူဘောင်များဖြစ်စေရန် ပံ့ပိုးပေးထားသည်ကို တွေ့ရပါသည်။

၂၀၂၁ ခုနှစ် နိုင်ငံတကာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ ကျင်းပရာတွင် အဂတိလိုက်စားမှုအား ကိုင်တွယ်ဖြေရှင်းရာ၌ အစိုးရများ၊ အစိုးရအရာရှိများ၊ ပြည်သူ့ဝန်ထမ်းများ၊ တရားဥပဒေစိုးမိုးရေးအရာရှိများ၊ မီဒီယာများ၊ ပုဂ္ဂလိကအခန်းကဏ္ဍ၊ လူမှုအဖွဲ့အစည်း၊ ပညာရေးအသိုက်အဝန်း၊ ပြည်သူလူထုနှင့် လူငယ်များအပါအဝင် လူတိုင်း၏အခွင့်အရေးများနှင့် တာဝန်ရှိမှုများကို မီးမောင်းထိုးပြခဲ့သည်ကို တွေ့ရပါသည်။ လူမှုအသိုက်အဝန်းအဆင့်အားလုံးရှိ ဂုဏ်သိက္ခာမြှင့်တင်ရန်အတွက် အစိုးရများနှင့်အတူ လူတစ်ဦးချင်းစီအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် အခန်းကဏ္ဍတစ်ခုမှ ပါဝင်ကြရမည်ဖြစ်ပါသည်။

ထိုသို့တိုက်ဖျက်ရာတွင် ထိရောက်အောင်မြင်မှုရရှိစေရန်အတွက် အဂတိလိုက်စားမှုကို လူထုက ထုတ်ဖော်ရန်နှင့် လက်မခံရန် လိုအပ်ပါသည်။ ထိုသို့ လူထုအဆင့်အတန်းအားလုံး ပူးပေါင်းလုပ်ဆောင်လာနိုင်သည့် မူဝါဒများ၊ စနစ်များနှင့် အကောင်အထည်ဖော်မှုများ ချမှတ်ခြင်းဖြင့် အဂတိလိုက်စားမှုကို ထိရောက်စွာတိုက်ဖျက်ရေးကို ပံ့ပိုးပေးနိုင်ပါသည်။ ထို့အတူ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ထုတ်ဖော်သည့် လူထုကို အကာအကွယ်ပေးရန် လိုအပ်ပါသည်။ သို့မှသာ လူထု၏ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်မှုကို ရရှိမည်ဖြစ်ပါသည်။

ထိရောက်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးကြိုးပမ်းရာတွင် အစိုးရစနစ်တစ်ခုလုံးနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတိုင်းအတာဖြင့် ချဉ်းကပ်ရန် လိုအပ်ပါသည်။ ထို့အပြင် အခြားမတူညီသောကဏ္ဍများနှင့် အစိုးရဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများ၏ ပူးပေါင်းပါဝင်မှုလည်း လိုအပ်မည်ဖြစ်ပြီး လူထု၏ပူးပေါင်းပါဝင်မှုသည် ထိရောက်သောအကျိုးရလဒ်ကို ရရှိစေမည်ဖြစ်ပါသည်။ ယင်းသို့ လုပ်ဆောင်ခြင်းသည် အဖွဲ့အစည်းများနှင့် တစ်ဦးချင်းစီကို ဂုဏ်သိက္ခာရှိစေ၍ တရားမျှတမှုကို ရရှိစေပါသည်။

### ပူးပေါင်းလုပ်ဆောင်မှု

တိုက်ရိုက်အဂတိလိုက်စားမှုနှင့် သွယ်ဝိုက်အဂတိလိုက်စားမှု နှစ်မျိုးစလုံးသည် နိုင်ငံတစ်နိုင်ငံ၏ ကဏ္ဍအသီးသီး၊ ပုဂ္ဂလိကကဏ္ဍများနှင့် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများကို ထိခိုက်စေလျက်ရှိသည့်အပြင် ကမ္ဘာ့ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ထိခိုက်စေလျက်ရှိသဖြင့် လူတိုင်းနှင့် သက်ဆိုင်သော ကိစ္စရပ်ဖြစ်ပါသည်။ အဂတိလိုက်စားမှုကို ကိုယ်တိုင်လုပ်ဆောင်ခြင်း၊ အားပေးခြင်း၊ မျက်ကွယ်ပြုနေခြင်းသည် အခြေအနေကို ပိုမိုဆိုးရွားစေပြီး အဂတိလိုက်စားမှုကို ထုတ်ဖော်ခြင်း၊ လက်မခံခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ ဥပဒေနှင့်အရေးယူခြင်းသည် အဂတိလိုက်စားမှုကို လျှော့ပါးစေမည်ဖြစ်ပါသည်။ အဂတိလိုက်စားမှု လျှော့ပါးရေး၊ တိုက်ဖျက်ရေးအတွက် လိုအပ်သော မူဝါဒများ၊ ဥပဒေများ၊ အုပ်ချုပ်မှုစနစ်များ ရှိရန်လိုအပ်သည့်အပြင် တာဝန်ယူတာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ အပြန်အလှန်ထိန်းကျောင်းမှု စနစ်များဖြင့်လည်း အဂတိလိုက်စားမှုကို တိုက်ဖျက်နိုင်ပါသည်။

အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများ၊ ဆင်းရဲသောနိုင်ငံများနှင့် ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်ဆဲနိုင်ငံများအတွက် အဂတိလိုက်စားမှုသည် ကြီးမားသော အဟန့်အတားတစ်ခု ဖြစ်ပါသည်။ နိုင်ငံ၏အုပ်ချုပ်ရေးစနစ်များ၊ စီးပွားရေးနှင့် လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုများ တည်ဆောက်ရာတွင် အဂတိလိုက်စားမှုများကြောင့် နိုင်ငံ၏စနစ်များကို အောက်ခြေမှလှိုက်၍ ပျက်စီးစေသဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ခြင်း၊ ဟန်ချက်ညီ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ထိရောက်အောင်မြင်စေမည် ဖြစ်ပါသည်။ ။

*စာမျက်နှာ ၁၀ မှ*

အများကောင်းစားရေးကို ရှေးရှု၍လှူဒါန်းခြင်း ဒါနသည်လည်းကောင်း၊ ကိုယ်ကျင့်တရားကောင်းမွန်၍ လူ့ဘောင်လူ့လောက ဖွံ့ဖြိုးတိုးတက်ရေး သီလသည်လည်းကောင်း၊ သဘာဝတရား၏ အမှန်တရားဖြစ်သော နာမ်၊ ရုပ်တို့၏ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းတို့ကို အမှန်ကိုအမှန်အတိုင်း ဘာဝနာဉာဏ်ဖြင့် သိလာအောင်ပွားများအားထုတ်ခြင်းသည်လည်းကောင်း အရေးကြီးလှပေသည်။ သို့ဖြစ်ရာ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် လူငယ်တစ်ဦးအနေဖြင့် ပညာတတ်မြောက်အောင် သင်ယူခြင်း၊ မှန်ကန်သောနည်းဖြင့် ပစ္စည်းဥစ္စာ ကြိုးပမ်းရှာဖွေခြင်းတို့က ကြီးစွာအထောက်အကူ ပြုလျက်ရှိကြောင်း ချပြရှင်းလင်းဟောပြောခဲ့ပါသည်။

လူငယ်လူရွယ်များသည် ပညာရှာမှီးခြင်း၊ ဥစ္စာရှာဖွေခြင်းတို့အပြင် ကုသိုလ်ကောင်းမှု ပြုလုပ်ဖြည့်ဆည်းခြင်းတို့ကို ငယ်စဉ်ကတည်းက အရွယ်အလိုက် သိသည့်သိထိုက်သည်များကို လေ့လာသင်ယူကာ ရင့်ကျက်လာသည့်အရွယ်တွင် ပစ္စုပ္ပန်ဘဝနှင့် တမလွန်ဘဝတို့အတွက် ဒါနအမှု၊ သီလအမှု၊ ဘာဝနာအမှုတို့ကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ ကုသိုလ်ကောင်းမှုများကို ဖြည့်ကျင့်ရမည့်အချိန်တွင် မဖြည့်ကျင့်ကြဘဲ အချိန်ဆွဲနှောင့်နှေးနေခြင်း၊ ပျင်းရိလေးတွဲ့နေခြင်း၊ အပျော်အပါးမွေ့လျော်နေခြင်းတို့ဖြင့် ဘဝကို အချိန်ဖြုန်းသွားလျှင် ဘဝတစ်ခုပြီးဆုံးချိန် မရဏာ သန္တဇော သေယယ်ဇောနှင့် မျောနေချိန်တွင် နောင်တကြီးစွာရကာ နောင်ဘဝခရီးအတွက် ပူပန်သောကများစွာဖြင့် ဆင်းရဲဒုက္ခရောက်ကြမည်ဖြစ်ကြောင်း သံဝေဂအသိ တိုးပွားစေရန်နှင့် တိုင်းရင်းသားလူငယ်များအတွက် အခွင့်အရေးရတုန်း အကျိုးရှိစွာ အသုံးချတတ်ရေး ပညာပေးဟောပြောခဲ့ရပါသည်။

### မျိုးဆက်သစ်လေးများအတွက် အခွင့်အလမ်းကောင်းများ

မြန်မာလူမျိုးတို့သည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားရခြင်းမှာ အဆုံးအမနှင့်နေသော လူမျိုးဖြစ်သောကြောင့်ပင်ဖြစ်၏။ မြန်မာလူမျိုးတို့သည် သိတတ်သည့်အရွယ်မှစ၍ အမိ၊ အဖ၊ အဖိုးအဖွား၊ အဆွေအမျိုးတို့၏ အဆုံးအမ၊ လုပ်ငန်းခွင်ရောက်သွားသည့်အခါတွင်လည်း အကြီးအကဲတို့၏ အဆုံးအမ၊ အသက်အရွယ်အရ သာသနာတော်၏ အဆုံးအမတို့နှင့် နေလာကြသော လူမျိုးများ ဖြစ်ကြပါသည်။ ငယ်စဉ်ကတည်းက ၃၈ ဖြာမင်္ဂလာစသော တရားတော်များနှင့် ရင်းနှီးခဲ့ကြ၍ ဆုံးမလွယ်သော လူမျိုးများလည်း ဖြစ်ကြပါသည်။

ယခုဟောပြောဆွေးနွေးနေသည့် နယ်စပ်ဒေသအသီးသီးမှတိုင်းရင်းသား၊ တိုင်းရင်းသူ လူငယ်လူရွယ်များသည်လည်း ငယ်စဉ်ဘဝမှ အခြေခံကောင်းများပါလာကြသည့်အပြင် ၎င်းတို့တက်ရောက်သင်ကြားလေ့ကျင့်နေကြသည့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များတွင် သက်ဆိုင်ရာ ဝိဇ္ဇာ၊ သိပ္ပံ၊ အင်ဂျင်နီယာဘာသာရပ်များ၊ ထေရဝါဒ ယဉ်ကျေးမှု၊ အဆင့်မြင့်ယဉ်ကျေးမှု ဘာသာရပ်များ သင်ကြားလေ့ကျင့်ကြရသည့်အတွက် ယခုကဲ့သို့ ဟောပြောဆွေးနွေးမှုများကို အလွယ်တကူ နားလည်သဘောပေါက်ကြမည်ဖြစ်ပေသည်။

ထိုတိုင်းရင်းသား တိုင်းရင်းသူ မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်တွင် အရေးပါသော အခန်းကဏ္ဍများမှ ပါဝင်ဆောင်ရွက်ကြရမည့်သူများဖြစ်ကာ လူငယ်များ၏ ကိုယ်ကျင့်တရားတိုးတက်ကောင်းမွန်ရေး၊ လူငယ်လူရွယ်များ ပညာကောင်းစွာ သင်ယူတတ်မြောက်စေရေး၊ ပစ္စည်းဥစ္စာကြိုးပမ်းရှာဖွေရေး၊ ကုသိုလ်ကောင်းမှုများ၌ မွေ့လျော်စေရေးတို့ကို သိရှိလိုက်နာနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ၎င်းတို့၏ အနာဂတ်ခရီးအတွက် နောင်တကင်းစွာ လျှောက်လှမ်းရမည့်လမ်း ဖြောင့်ဖြူးသာယာစေမည်ဖြစ်သဖြင့် ယခုကဲ့သို့ ကျောင်းပိတ်ရက်၊ လေ့ကျင့်ရက် အချိန်ကာလများအတွင်း တိုင်းရင်းသား ကျောင်းသား ကျောင်းသူလူငယ်လူရွယ်များအား အကျိုးရှိရှိ အသိပညာ တိုးပွားလိုက်နာဆောင်ရွက်နိုင်စေရန်အလို့ငှာ ဟောပြောဆွေးနွေးပို့ချခဲ့မှုများကို ပြည်သူအများ သိရှိနိုင်စေရန် ရေးသားတင်ပြလိုက်ရပေသည်။ ။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၈၅ | ၂၀၃၀ | ၂၀၂၅ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၀ | ၂၀၃၅ | ၂၀၁၅ | ၂၁၁၀ | ၂၁၂၅ | ၂၀၂၀ | ၂၀၃၀ | ၂၀၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၂၈၅ | ၂၇၇၀ |
| 95 Ron | ၂၀၇၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၀ | ၂၁၄၅ | ၂၁၃၀ | ၂၁၁၀ | ၂၂၀၀ | ၂၂၁၅ | ၂၁၁၅ | ၂၁၃၀ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၀ | ၂၃၈၀ | ၂၈၅၅ |
| HSD (500 ppm) | ၂၅၈၀ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၆၃၅ | ၂၆၅၀ | ၂၆၅၅ | ၂၆၂၀ | ၂၇၃၅ | ၂၇၃၀ | ၂၆၂၅ | ၂၆၃၅ | ၂၆၇၀ | ၂၆၇၀ | ၂၆၇၅ | ၂၈၉၅ | ၃၄၈၅ |
| HSD (50 ppm) | ၂၆၆၅ | ၂၇၁၀ | ၂၇၁၀ | ၂၆၇၅ | ၂၇၁၀ | ၂၇၃၀ | ၂၇၃၀ | ၂၆၉၅ | ၂၈၁၀ | ၂၈၀၅ | ၂၇၀၀ | ၂၇၁၅ | ၂၇၄၅ | ၂၇၄၅ | ၂၇၅၀ | ၂၉၇၀ | ၃၅၂၀ |
| HSD (10 ppm) | ၂၆၆၅ | ၂၇၁၀ | ၂၇၁၀ | ၂၆၇၅ | ၂၇၁၀ | ၂၇၃၀ | ၂၇၃၀ | ၂၆၉၅ | ၂၈၁၀ | ၂၈၀၅ | ၂၇၀၀ | ၂၇၁၅ | ၂၇၄၅ | ၂၇၄၅ | ၂၇၅၀ | ၂၉၇၀ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၈၆ | ၁၉၅၈ |
| 95 Ron | ၁၉၇၆ | ၂၀၄၉ |
| HSD (500 ppm) | ၂၄၇၅ | ၂၅၅၄ |
| HSD (50 ppm) | ၂၅၄၇ | ၂၆၂၇ |
| HSD (10 ppm) | ၂၅၄၇ | ၂၆၂၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ




## ပျဉ်းမနားမြို့နယ် အလျှဉ်လိုကျေးရွာ GW-11 အထွက်ကောင်းမျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်း ပဲခူးတိုင်းဒေသကြီး မြို့နယ် ၁၅ ခုမှ တောင်သူလယ်သမား ၄၆ ဦး လေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၂** စားသုံးမှု အရည်အသွေးကောင်းမွန်ပြီး ဈေးကွက်အကြိုက် သီးနှံများ၊ အထွက်နှုန်းကောင်းမွန်စွာ စိုက်ပျိုးထုတ်လုပ်နိုင်သည့် သီးနှံမျိုးများ၊ ရာသီဥတုဒဏ်နှင့် ပိုးမွှားရောဂါဒဏ် ခံနိုင်ရည်ရှိသည့် သီးနှံမျိုးများဖြစ်စေရေးအတွက် မျိုးရွေးချယ်စိုက်ပျိုးခြင်း အလေ့အထ တွင်ကျယ်လာသည်နှင့်အမျှ မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို စီးပွားဖြစ် လုပ်ငန်းတစ်ခုအဖြစ် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် တောင်သူများ စိတ်ဝင်တစား လုပ်ကိုင်လာလျက်ရှိကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အလျှဉ်လိုကျေးရွာတွင် GWT မျိုးစေ့ထုတ် စိုက်ပျိုးရေးကုမ္ပဏီလီမိတက်က GW-11 အထွက်ကောင်း မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်းကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)ရှိ မြို့နယ် ၁၅ ခုမှ ဆန်စက်လုပ်ငန်းရှင် ငါးဦး အပါအဝင် တောင်သူလယ်သမား ၄၆ ဦးတို့ လာရောက်လေ့လာခဲ့ကြသည်။

အဆိုပါလေ့လာရေးအဖွဲ့အား GWT မျိုးစေ့ထုတ် စိုက်ပျိုးရေး ကုမ္ပဏီလီမိတက် တာဝန်ရှိသူက မျိုးစေ့ထုတ်လုပ်ခြင်းဆိုင်ရာ အတွေ့အကြုံများကို မျှဝေပြောကြားပြီး စိုက်ပျိုးရေးပညာရှင်များက မျိုးစေ့ထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း၊ အဆိုပါလေ့လာရေးအဖွဲ့ဝင် ဆန်စက်လုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများ အနေဖြင့် မျိုးစေ့ထုတ်လုပ်ငန်းတိုးချဲ့ဆောင်ရွက်ရေးနှင့် ဒေသ၏ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုတွင် မျိုးကောင်းမျိုးသန့် အသုံးပြုမှု လွှမ်းခြုံရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တွံတေးမြို့နယ်သို့ Yangon Water Bus ဘုရားဖူးခရီးစဉ်ရောက်ရှိ

**တွံတေး အောက်တိုဘာ ၂၂** ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ခြောက်ဆူ ကိန်းဝပ်တော်မူသော ရွှေဆံတော်စေတီတော်မြတ်ကြီး၊ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ တွံတေးတူးမြောင်း၊ အသားလွတ်နယ်မြေ ဖြစ်သော ဖောင်းတော်ချုပ်စေတီ၊ လက်မှုပညာ အိုးလုပ်ငန်းနှင့် ရက်ကန်းလုပ်ငန်းများ၊ အထင်ကရနေရာများသို့ လေ့လာနိုင်ရန်အတွက် နှစ် နှစ်ကျော် ရပ်နားထားသော Yangon Water Bus တွံတေးခရီးစဉ်ကို အောက်တိုဘာ ၂၂ ရက်က တွံတေးဆိပ်ခံဖောတံတားသို့ ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

တွံတေးခရီးစဉ်ကို ရန်ကုန်လမ်းသစ်ဆိပ်ကမ်းမှ နံနက် ၇ နာရီက စတင်ထွက်ခွာခြင်းဖြစ်ပြီး ခရီးစဉ်တွင် တူးမြောင်းနံဘေး စိမ်းစိုနေသောလယ်ကွင်းပြင်များအား ကြည့်ရှုခံစားကာ တွံတေးတူးမြောင်း ဖြတ်ထိုးထားသော တွံတေးကြိုးတံတားကို ကြည့်ရင်း တစ်နာရီခန့်အကြာတွင် တွံတေးမြို့သို့ ဆိုက်ရောက်ခြင်းဖြစ်ကြောင်း သိရသည်။

တွံတေးဆိပ်ကမ်းမှ တစ်ဆင့် ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီ၊ အသားလွတ်နယ်မြေဖြစ်သော ဖောင်းတော်ချုပ်စေတီ၊ မြွေဘုရား၊ ကျိုက်ဖူး၊ ကျိုက်ပါစေတီ၊ မြန်မာ့လက်မှုပညာလုပ်ငန်းဖြစ်သော အိုးလုပ်ငန်းနှင့် ရှမ်းလေးရွာ၏ ရိုးရာရက်ကန်းများ၊ အထင်ကရနေရာများအား လည်ပတ်သည့် နေ့ချင်းပြန်ခရီး ဖြစ်ကြောင်း သိရသည်။

Yangon Water Bus ကို အောက်တိုဘာ ၆ ရက်မှစတင်ကာ ပြန်လည်၍ ရန်ကုန်မြစ်အတွင်း ပြေးဆွဲခြင်းဖြစ်ကြောင်း သိရသည်။ တွံတေးခရီးစဉ်တွင် လူတစ်ဦးလျှင် ငွေကျပ် ၁၈၀၀၀ ကျပ်ဖြင့် အပတ်စဉ် အစိုးရရုံးပိတ်ရက် စနေ၊ တနင်္ဂနွေနေ့များတွင် ဒေသန္တာရ ဗဟုသုတရရှိစေရေး နေ့ချင်းပြန်ခရီးပြေးဆွဲခြင်း ဖြစ်ကြောင်း သိရသည်။ **တွံတေးသား**



# လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကြေညာချက် ဂျပန်နှင့် ဩစတြေးလျတို့ လက်မှတ်ရေးထိုး

ဆစ်ဒနီ အောက်တိုဘာ ၂၂

**ဂျပန်နှင့် ဩစတြေးလျနိုင်ငံတို့သည် လာမည့်ဆယ်စုနှစ်အတွက် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကြေညာချက်အသစ်တစ်ခုကို ထုတ်ပြန်ခဲ့သည်။**

ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီးရှီဒါးနှင့် ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီ အယ်ဘာနီးစ်တို့သည် ဩစတြေးလျနိုင်ငံ အနောက်ပိုင်း ပါ့ကမ်းရိုးတန်းမြို့တွင် အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက နှစ်နာရီကြာ တွေ့ဆုံခဲ့သည်။

တရုတ်နိုင်ငံ၏ ရေကြောင်းသွားလာမှုတိုးတက်ရေးအပါအဝင် ဒေသတွင်းပတ်ဝန်းကျင် လုံခြုံရေးကို ထင်ဟပ်စေသည်ဟု ရှုမြင်သည့် ပူးတွဲကြေညာချက်ကို ခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါ ကြေညာချက်သည် စည်းမျဉ်းကိုအခြေခံသည့်အမိန့်၏ အရေးပါမှုကို အလေးပေးဖော်ပြထားသည်။ ဂျပန်နှင့် ဩစတြေးလျတို့သည် နှစ်နိုင်ငံလုံးနှင့် ၎င်းတို့၏ ပတ်ဝန်းကျင်ဒေသများကို သက်ရောက်မှုရှိနိုင်သည့် အရေးပေါ်အခြေအနေတစ်ရပ်ကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ သဘာဝဓာတ်ငွေ့၊ ရည်၊ ရှားပါးသတ္တုများနှင့် အခြားအရင်းအမြစ်များကို ထောက်ပံ့နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်နှင့် ဩစတြေးလျဝန်ကြီးချုပ်တို့က အတည်ပြုပြောကြားသည်။

**အင်န်အိတ်ချ်ကေ**



ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီးရှီဒါးနှင့် ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီ အယ်ဘာနီးစ်။

## ငါးဖမ်းအရာရှိတစ်ဦး သေဆုံးမှုကြောင့် ကာကွယ်ရေးဝန်ကြီးဟောင်းကို တောင်ကိုရီးယားအစိုးရရှေ့နေများ ဖမ်းဆီး

**ဆိုးလ် အောက်တိုဘာ ၂၂**

လွန်ခဲ့သည့် နှစ်နှစ်ကျော်က ကိုရီးယားနှစ်နိုင်ငံအကြား ရေပိုင်နက်အနီးရှိ ရေပြင်တွင် ရေလုပ်သားအရာရှိတစ်ဦး သေဆုံးမှုနှင့်ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဟောင်းတစ်ဦးနှင့် ကမ်းခြေစောင့်တပ် အကြီးအကဲဟောင်း တစ်ဦးကိုတောင်ကိုရီးယား အစိုးရရှေ့နေများက ဖမ်းဆီးလိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

ကိုရီးယား ကျွန်းဆွယ်အနောက်ဘက် ပင်လယ်ဝါတွင် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ၌ တောင်ကိုရီးယားရေကြောင်းနှင့် ငါးဖမ်းလုပ်ငန်းဝန်ကြီးဌာန သင်္ဘောတစ်စင်းမှ သင်္ဘောသားတစ်ဦး အသေပစ်သတ်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ အာဏာအလွဲသုံးစားလုပ်ကြောင်း သံသယရှိမှုနှင့် ဖြစ်ရပ်အမှန်ကို ဖုံးကွယ်ရာတွင် ပါဝင်မှုနှင့် ပတ်သက်ပြီး အစိုးရရှေ့နေများက ကာကွယ်ရေးဝန်ကြီးဟောင်း ဆူဝုခ်နှင့် ကမ်းခြေစောင့်တပ် ကော်မရှင်နာဟောင်းကင်ဟွန်ဟီးကို အောက်တိုဘာ ၂၂ ရက်က ဖမ်းဆီးထိန်းသိမ်းလိုက်ခြင်းဖြစ်သည်။

သမ္မတ ယွန်ဆက်ယိုးလ်အစိုးရက ၂၀၂၀ ပြည့်နှစ်တွင် သင်္ဘောသားတစ်ဦး အသတ်ခံရမှုနှင့်ပတ်သက်ပြီး ထပ်မံစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် အဆိုပါ ဖမ်းဆီးခံရမှုသတင်းထွက်ပေါ်လာခြင်းဖြစ်သည်။ အဆိုပါဖြစ်ရပ်နှင့်ပတ်သက်ပြီး ယခင်မွန်ဂျေအင်းဦးဆောင်သည့် အစိုးရအနေဖြင့် မြောက်ကိုရီးယားနှင့် ဆက်ဆံရေးယိုယွင်းလာမှုကို ရှောင်ရှားရန်အတွက် အဆိုပါဖြစ်ရပ်ကို ဖုံးကွယ်ထားကြောင်း ပြောဆိုမှုများလည်း ရှိနေသည်။

ယခင်အစိုးရမှ အမျိုးသားလုံခြုံရေးအကြံပေးဟောင်း ဆုခ်ဟွန်းနှင့် အမျိုးသားထောက်လှမ်းရေး အကြီးအကဲ ပတ်ခ်ဂျီဝန်းအပါအဝင် လုံခြုံရေးဆိုင်ရာထိပ်ပိုင်းအရာရှိများလည်း စွဲချက်တင်ခံရနိုင်ကြောင်း တောင်ကိုရီးယားသတင်းဌာနများတွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**



ကာကွယ်ရေးဝန်ကြီးဟောင်း ဆူဝုခ်။

## နိုင်ဂျီးရီးယား၌ ရေဘေးသင့် မိသားစုဝင်များအတွက် ဝမ်းနည်းကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ် ပြောကြား

**လာဂို့စ် အောက်တိုဘာ ၂၂**

နိုင်ဂျီးရီးယားနိုင်ငံ၌ ဆယ်စုနှစ်အတွင်း အဆိုးရွားဆုံးရေကြီးမှုကြောင့် လူပေါင်း ၂ ဒသမ ၈ သန်းကျော် ထိခိုက်ခဲ့ပြီး ၁ ဒသမ ၃ သန်း နေရာပြောင်းရွှေ့ရမှုနှင့် ရာနှင့်ချီ၍အသက်ဆုံးရှုံးမှုအတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က အောက်တိုဘာ ၂၁ ရက်တွင် ပျက်စီးဆုံးရှုံးမှုအတွက် ဝမ်းနည်းကြောင်း ဖော်ပြထားသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က နိုင်ဂျီးရီးယားအစိုးရနှင့် ရေဘေးသင့်သည့် မိသားစုဝင်များအတွက် အလေးအနက်ဝမ်းနည်းကြောင်း ပြောကြားသည်။ ရေကြီးမှုကြောင့် အခြေခံအဆောက်အအုံနှင့် လယ်မြေများ ပျက်စီးခဲ့ပြီး နိုင်ငံတစ်ဝန်း လူနေမှုစရိတ်များ ထိခိုက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ အကူအညီလိုအပ်သူများ၏ ၆၀ ရာခိုင်နှုန်းမှာ ကလေးများဖြစ်ကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူအင်န်အိုင်စီအီးအက်ဖ်) က ပြောကြားသည်။

နိုင်ဂျီးရီးယားနိုင်ငံ အတွင်း ပြည်နယ် ၃၆ ခုအနက် ၃၄ ခုတွင် ရေကြီးမှုကြုံတွေ့ရပြီး လူပေါင်း ၆၀၀ ကျော် သေဆုံးကာ အိမ်ခြေ နှစ်သိန်း ပျက်စီးခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံ အန်ဟွေးပြည်နယ် သိပ္ပံနှင့်နည်းပညာ ခုန်ပျံကျော်လွှားတိုးတက်မှုရရှိ

**ဟေဖေး အောက်တိုဘာ ၂၂**

တရုတ် သိပ္ပံနှင့်နည်းပညာတက္ကသိုလ်နှင့် ရှန်ဟိုင်းစက်မှုနည်းပညာရူပဗေဒ အင်စတီကျူ၊ တရုတ်သိပ္ပံအကယ်ဒမီနှင့် အခြားအဖွဲ့အစည်းများသည် Zucongzhi No.2 နှင့် jiuzhang No.2 ဟု အမည်ပေးထားသည့် ရှေ့ပြေးကွမ်တန် ကွန်ပျူတာစက်များကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ကြောင်း၊ ဟူပေပြည်နယ်တွင်ရှိသည့် ရှန်ဟိုင်းကျားထုံ (Shanghai Jiao Tong) တက္ကသိုလ်၏ ကြွေထည်နှင့် အလူမီနီယံနည်းပညာသစ်ကိုလည်း လေယာဉ်ကြီးများနှင့် မိုးလေဝသဂြိုဟ်တုများတွင် အသုံးပြုသည့် အဓိကအစိတ်အပိုင်းများအဖြစ် အောင်မြင်စွာ အသုံးချနိုင်ခဲ့ကြောင်း တရုတ်လူငယ်နေ့စဉ်က အောက်တိုဘာ ၁၉ ရက်တွင် ဖော်ပြသည်။

အောက်တိုဘာ ၁၈ ရက်က တရုတ်ကွန်မြူနစ်ပါတီအမျိုးသားကွန်ဂရက်၏ အကြိမ် (၂၀)မြောက် အစည်းအဝေး သတင်းစာရှင်းလင်းပွဲတွင် ပေကျင်း၊ တီယန်ကျင်း၊ အန်ဟွေးနှင့် အခြားပြည်နယ်များမှ ကိုယ်စားလှယ် ၁၄ ဦး တက်ရောက်ကြပြီး အကြိမ် (၂၀)မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက်တွင် အစီရင်ခံစာနှင့်ပတ်သက်၍ ၎င်းတို့၏ ဆွေးနွေးမှုများကို ပြောကြားခဲ့ရာ၌ အန်ဟွေးပြည်နယ် ကိုယ်စားလှယ်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ကောင်းချင်(Guo Qiang)က မကြာသေးမီနှစ်များအတွင်း အန်ဟွေးပြည်နယ်တွင် သိပ္ပံနှင့်နည်းပညာ ဆန်းသစ်မှုများကို နက်ရှိုင်းစွာ အကောင်ထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ကမ္ဘာ့သိပ္ပံနှင့် နည်းပညာတွင် ရင်ပေါင်တန်းရင်း ယန်စီမြစ်ဒေမ်း သိပ္ပံနှင့် နည်းပညာ ဆန်းသစ်မှုအသိုက်အဝန်းကို ဖော်ဆောင်ရန် ယခုလိုပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယန်စီမြစ်ဝကျွန်းပေါ် ဒေသကွန်ရက် မဟာဗျူဟာအတွက် အန်ဟွေးပြည်နယ်သည် ပါဝင်ဆောင်ရွက်လျက်ရှိရာ လွန်ခဲ့သည့် ၁၀နှစ်ခန့်မှစကာ အန်ဟွေးပြည်နယ်သည် ခုန်ပျံကျော်လွှားဖွံ့ဖြိုးတိုးတက်မှုတွင် အောင်မြင်မှုရရှိခဲ့သည်။ ပြီးခဲ့သည့်နှစ်အတွင်း အန်ဟွေးပြည်နယ်၏ စီးပွားရေးသည် ယွမ် ၄ ဒသမ ၃ ထရီလီယံရှိခဲ့ပြီး လူတစ်ဦးချင်းစီ၏ ဂျီဒီပီမှာလည်း အမေရိကန်ဒေါ်လာ ၁၀၀၀၀ အထက်တွင်ရှိကြောင်း ပြည်နယ်တွင်း သိပ္ပံနှင့် နည်းပညာဆန်းသစ်မှုများ လုပ်ဆောင်ရာတွင်လည်း တိုးတက်အောင်မြင်မှုများ ရရှိခဲ့သည်။

နောက်တစ်ဆင့်အနေဖြင့် ဆန်းသစ်တီထွင်မှု၊ စက်မှုဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နက်ရှိုင်းသည့် ပူးပေါင်းဆောင်ရွက်မှုနှင့် ယန်စီမြစ်ဝကျွန်းပေါ်ဒေသ တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဟု ကောင်းချင်က ဆက်လက်ပြောကြားသည်။

**ချိုင်းနားယုသ်တူဒေး**

## အိန္ဒိယနိုင်ငံ၌ ယာဉ်မတော်တဆမှုဖြစ်ပွား ၁၅ ဦး သေဆုံး၊ ၄၃ ဦး ထိခိုက်ဒဏ်ရာရ

**နယူးဒေလီ အောက်တိုဘာ ၂၂** – အိန္ဒိယနိုင်ငံ အလယ်ပိုင်း မဒ္ဒရာ ပရာဒက်ရှ်ပြည်နယ်၌ အောက်တိုဘာ ၂၂ ရက် နံနက်အစောပိုင်းက ယာဉ်မတော်တဆမှုဖြစ်ပွားရာ ၁၅ ဦးထက်မနည်းသေဆုံးပြီး ၄၃ ဦးနီးပါး ဒဏ်ရာရရှိကြောင်း ဒေသတွင်းရဲအရာရှိက ပြောသည်။ အဆိုပါယာဉ်မတော်တဆမှုမှာ ပြည်နယ်၏ ရေဝခရိုင်၌ ခရီးသည်တင်ဘတ်စ်ကားတစ်စီးက ထရော်လီကားတစ်စီးကို တိုက်မိရာမှ ဖြစ်ပွားခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါဘတ်စ်ကားမှာ မဒ္ဒရာပရာဒက်ရှ်ပြည်နယ် ဂျာဘယ်ပူးမြို့မှ ဥတ္တရာပရာဒေ့ရှ်ပြည်နယ် ပရာယာဂတ်ဂျ်ခရိုင်သို့ ဦးတည်သွားခြင်းဖြစ်သည်။ သေဆုံးသူအများစုမှာ အောက်တိုဘာ ၂၄ ရက်တွင် ကျရောက်မည့် ဒေပါဝလီပွဲတော်ကျင်းပရန် ၎င်းတို့၏ မိသားစုဝင်များနှင့်အတူ အိမ်ပြန်လာကြသူများဖြစ်ကြောင်း ရဲအရာရှိက ပြောသည်။

**ဆင်ဟွာ**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ကိုင်းတောင်ရိုးရှိ သံဃာတော်များနှင့် သီလရှင်များအတွက် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

**မုံရွာ အောက်တိုဘာ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ သံဃာတော်များနှင့် သီလရှင်များအတွက် ဆွမ်းဆန်တော်များနှင့် မင်းကွန်းတောင်ရိုးရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စေတီများသို့ သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ဘိလပ်မြေအိတ်များ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ သီတဂူဝိပဿနာအကယ်ဒမီအတွင်းရှိ သီတဂူသံဝေဇနီယ ဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပသည်။



အခမ်းအနားသို့ သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်များ၏ အဓိပတိ၊ ရွှေကျင် သာသနာပိုင်၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ၊ မင်းကွန်းတောင်ရိုး၊ မင်းကွန်းလေးဌာန ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သီတဂူဆရာတော်ဒေါက်တာအရှင်ဉာဏိဿရထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် သီတဂူဆရာတော်ကြီးထံ စစ်ကိုင်းတောင်ရိုးရှိ သံဃာတော်များနှင့် သီလရှင်များအတွက် ဆွမ်းဆန်တော်အိတ် ၁၀၀၀ နှင့် မင်းဝံတောင်ရိုးရှိ သံဃာတော်များနှင့် သီလရှင်များအတွက် ဆွမ်းဆန်တော် အိတ် ၂၅၀ တို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြပြီး မင်းကွန်းလေးဌာန ဩဝါဒါစရိယ ဆရာတော်ကြီးထံ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းနှင့် လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်တို့က မင်းကွန်းတောင်ရိုးရှိ သံဃာတော်များနှင့် သီလရှင်များအတွက် ဆွမ်းဆန်တော် အိတ် ၂၅၀ ကို ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မင်းကွန်းလေးဌာန ဩဝါဒါစရိယ ဆရာတော်ကြီးထံ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးဉာဏ်မြင့်ကျော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ဆန်းတို့က မင်းကွန်းတောင်ရိုးရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စေတီများသို့ သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ဘိလပ်မြေ ၁၃၉၄၂ အိတ်အား ဆက်ကပ်လှူဒါန်းကာ ဆရာတော်ကြီးများထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရထံမှ အနုမောဒနာ တရားနာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် သီတဂူဆရာတော်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆွမ်းဦးပုညရှင် စေတီတော်မြတ်ကြီး အနောက်ဘက် ရင်ပြင်တော်ပေါ်တွင် တည်ဆောက်နေသည့် အလျား ၁၀၈ ပေ၊ အနံ ၅၄ ပေ၊ အမြင့် ၁၈ ပေ ပုညရှင်သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ဆရာတော်ကြီးထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာတို့က တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဘေးဒဏ်အမျိုးမျိုးတို့၏ ဒဏ်ခံနိုင်ကာ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျ ကြပ်မတ်စစ်ဆေး တည်ဆောက်နေမှု အခြေအနေ၊ သုံးစွဲကုန်ကျမှုနှင့် အလှူငွေရရှိမှု အခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ဆရာတော်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ပုညရှင်သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်နေမှုအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဆန်တင်ပို့မှုများနှင့် စက်သုံးဆီတင်သင်္ဘောများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၂**
ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်သည် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ စက်သုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီ၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် အမှတ်(၁) ဆူးလေဆိပ်ကမ်းတံတား၌ ပြည်ပသို့ ဆန်တင်ပို့မှု အခြေအနေများနှင့် သန်လျင်သီလဝါဆိပ်ကမ်းရှိ စက်သုံးဆီတံတားများသို့ ဆိုက်ကပ်ထားသော စက်သုံးဆီတင်သင်္ဘောများမှ စက်သုံးဆီ Terminal များသို့ ဆီချလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နံနက် ၁၀ နာရီခွဲတွင် အမှတ်(၁) ဆူးလေဆိပ်ကမ်းသို့ ရောက်ရှိပြီး ဆိပ်ကမ်းတာဝန်ကျများမှ ဆိပ်ကမ်းပိုင်းဆိုင်ရာ အချက်အလက်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများက ပြည်ပသို့ဆန်တင်ပို့မှုကို ရှင်းလင်းတင်ပြရာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး MV-VTC Ocean တွင် ဆန်တန်ချိန် ၂၁၃၀၀၊ MV-VOLA တွင် ဆန်တန်ချိန် ၂၆၇၅၀ နှင့် MV-AGIA IOANNA တွင် ဆန်တန်ချိန် ၃၀၂၅၀ သင်္ဘောများပေါ်သို့ တင်ဆောင်၍ထွက်ခွာမည့်အခြေအနေများကို ကြည့်ရှုအားပေးသည်။


ပြည်ပသို့ တင်ပို့မည့်ဆန်များ သင်္ဘောပေါ်သို့ တင်ဆောင်နေမှုကို တွေ့ရစဉ်။

ယင်းနောက် သန်လျင်သီလဝါဆိပ်ကမ်းသို့ရောက်ရှိပြီး မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ တာဝန်ရှိသူများက စက်သုံးဆီသင်္ဘောများ ဝင်ရောက်ရန် စီမံထားရှိမှု၊ ယခုအပတ် ရုံးပိတ်ရက်ရှည်အတွင်း စက်သုံးဆီဆိုင်များတွင် စက်သုံးဆီများ ပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ထားရှိသည့် အစီအမံများကို သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့မှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး Regency ၊ Elite စက်သုံးဆီတံတားများ၌ဆိုက်ကပ်ထားသော ရေယာဉ်များမှ ဆီချနေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောက်ဖြူမြို့ရှိ မြဝတီဘဏ်တွင် အလုပ်သမားဥပဒေများအကြောင်း အသိပညာပေးဟောပြော



**ကျောက်ဖြူ အောက်တိုဘာ ၂၂**
ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မြဝတီဘဏ်၌ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ကျင့်သုံးလျက်ရှိသည့် ဥပဒေများအကြောင်း ဝန်ထမ်းများ သိရှိစေရန် အသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပသည်။ **(ဝဲပုံ)**

ဦးစွာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးကျော့က အလုပ်သမားရှာဖွေသူများနှင့် အလုပ်သမားလိုအပ်သော အလုပ်ရှင်တို့အတွက် အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေး ဝက်ဘ်ဆိုက်ကိုတည်ထောင်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးကို တိုင်းဒေသကြီး၊ ပြည်နယ်ရုံး ၁၅ ရုံး၊ ခရိုင်နှင့် မြို့နယ်ရုံး ၈၀ ဖွင့်လှစ်၍ အလုပ်သမားရှာဖွေသူများနှင့် အလုပ်သမားလိုအပ်သော အလုပ်ရှင်များကို အခမဲ့ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ကျင့်သုံးလျက်ရှိသော ဥပဒေ ခုနစ်ခုမှ ၁၉၅၉ ခုနှစ် အလုပ်ခန့်ထားမှုကန့်သတ်ရေး အက်ဥပဒေ၊ ၁၉၂၃ ခုနှစ် အလုပ်သမားလျော်ကြေးအက်ဥပဒေနှင့် ၂၀၁၃ ခုနှစ် အလုပ်အကိုင်နှင့် ကျွမ်းကျင်ဖွံ့ဖြိုးမှုတိုးတက်ရေး ဥပဒေအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ထုတ်ဝေသော အသိပညာပေးလက်ကမ်းစာစောင်များကို ဘဏ်ဝန်ထမ်းများအား ဖြန့်ဝေပေးသည်။

ယင်းနောက် အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေဦးမွန်က ရှောင်တခင်ခွင့်၊ လုပ်သက်ခွင့်၊ လစာမဲ့ခွင့်နှင့် မီးဖွားခွင့်တို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါဟောပြောပွဲသို့ ဘဏ်မန်နေဂျာနှင့် ဘဏ်ဝန်ထမ်း ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း**

# ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၆၂ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ နှစ်ဦး ရှိ

(၂၂–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၂၁၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၆၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၃၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၃၂၃,၅၆၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၀,၄၄၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၀၃) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၄,၀၆၇) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ (၂) ဦး ရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၇၅) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၁၅–၁၀–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်–၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ ထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက် ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများ နှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၂၂**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ ကာကွယ်ဆေး ထိုးနှံခြင်းကို ဆောင်ရွက်လျက် ရှိရာ ယနေ့တွင် ရေဝတီတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၆၅၃ ဦး၊ ရခိုင်ပြည်နယ် ကျောက်ဖြူနှင့် ရမ်းဗြဲမြို့နယ်၌ ဒေသခံပြည်သူ ၃၆၈ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၇၅၆၅ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်း များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၁၇၉ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်း များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူ များ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူ များက အခမဲ့ပေးဝေ လှူဒါန်း လျက်ရှိရာ ယနေ့တွင် ရန်ကုန် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့မှ စာသင်ကျောင်း များ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင် ဂိတ်များနှင့် လူစည်ကားရာနေရာ များတွင် နယ်မြေခံတပ်မတော် သားများက ခရိုင်/ မြို့နယ် စီမံ အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူ များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အတွက် အသိပညာပေး ဆောင် ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်း များအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေ လှူဒါန်းကြကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

### ၂၂-၁၀-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၀၅၅၃၇ | ၉၆၄၄၈၉၀၀ | ၁၀၉၂၆၀၆ |
| ၂။ | အိန္ဒိယ | ၄၄၆၄၀၇၄၈ | ၄၄၀၈၇၇၄၈ | ၅၂၈၉၅၇ |
| ၃။ | ပြင်သစ် | ၃၆၅၂၄၆၀၅ | ၃၅၂၈၁၄၇၀ | ၁၅၆၃၃၇ |
| ၄။ | ဂျာမနီ | ၃၅၁၇၂၆၉၃ | ၃၃၂၇၉၃၀၀ | ၁၅၂၄၈၂ |
| ၅။ | ဘရာဇီး | ၃၄၈၂၂၁၇၄ | ၃၃၉၉၈၉၄၂ | ၆၈၇၅၈၁ |
| ၆။ | တောင်ကိုရီးယား | ၂၅၂၇၁၀၇၈ | ၂၄၈၁၀၉၂၃၂ | ၂၈၉၇၄ |
| ၇။ | ဗြိတိန် | ၂၃၈၅၅၅၂၂ | ၂၃၄၅၃၅၅၀ | ၁၉၂၆၈၂ |
| ၈။ | အီတလီ | ၂၃၂၉၀၇၄၇ | ၂၂၅၈၄၁၄၇ | ၁၇၈၄၅၀ |
| ၉။ | ဂျပန် | ၂၁၉၆၀၄၀၄ | ၂၀၄၆၈၆၇၁ | ၄၆၂၃၀ |
| ၁၀။ | ရုရှား | ၂၁၃၆၄၂၆၃ | ၂၀၇၀၈၅၂၈ | ၃၈၉၄၄၉ |

### ၂၂-၁၀-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၁၄၉၆၈၂၉ | ၁၀၆၀၀၈၅၇ | ၄၃၁၅၉ |
| အင်ဒိုနီးရှား | ၆၄၆၉၂၇၆ | ၆၂၉၁၉၄၁ | ၁၅၈၄၁၆ |
| မလေးရှား | ၄၈၇၇၃၈၇ | ၄၈၁၄၄၂၁ | ၃၆၄၄၀ |
| ထိုင်း | ၄၆၈၇၂၈၁ | ၄၆၄၉၅၀၉ | ၃၂၈၈၂ |
| ဖိလစ်ပိုင် | ၃၉၉၃၁၄၈ | ၃၉၀၅၆၉၃ | ၆၃၇၄၂ |
| စင်ကာပူ | ၂၀၅၃၃၇၀ | ၁၉၅၅၄၂၃ | ၁၆၆၀ |
| မြန်မာ | ၆၃၀၄၄၅ | ၆၀၄၀၆၇ | ၁၉၄၇၅ |
| ဘရူနိုင်း | ၂၃၄၅၈၂ | ၂၂၂၁၄၀ | ၂၂၅ |
| လာအို | ၂၁၆၁၇၃ | ၂၀၈၃၄၄ | ၇၅၈ |
| ကမ္ဘောဒီးယား | ၁၃၇၉၇၉ | ၁၃၄၈၇၀ | ၃၀၅၆ |

## ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီး၊ ကင်မွန်းချောင်းတောင်တက်ကားဂိတ်ကို KNLA တပ်မဟာ(၁)နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ရက်စက်မိုက်မဲစွာ လာရောက်ပစ်ခတ်မှုနှင့်ပတ်သက်၍ မော်လမြိုင်မြို့၌ ပြင်းထန်စွာ ဆန့်ကျင်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်




**နေပြည်တော် အောက်တိုဘာ ၂၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုး ဆံတော်ရှင်စေတီတော်မြတ်ကြီး ကင်မွန်းချောင်းတောင်တက်ကားဂိတ်ကို KNLA တပ်မဟာ(၁)နှင့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ရက်စက်မိုက်မဲစွာ လာရောက်ပစ်ခတ်ခဲ့သဖြင့် ဘုရားဖူးပြည်သူ သုံးဦးသေဆုံးခဲ့ပြီး၊ ၁၉ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ပြင်းထန်စွာရှုတ်ချကြောင်းကို ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သံဃာတော်များနှင့် မော်လမြိုင်မြို့နေ အကြမ်းဖက်မှုများကို မလိုလားသော ဒေသခံပြည်သူများ စုပေါင်း၍ မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက် အထက် လမ်းမကြီးရှိ သံလွင်ဥယျာဉ်ပန်းခြံအတွင်း " KNU ၊ NUG၊ PDF တို့ ဗုဒ္ဓဘာသာကို အကြမ်းဖက်သောနေ့၊ ဘုရားဖူးပြည်သူများ အကြမ်းဖက်မှုကို ဆန့်ကျင်ကြ၊ KNLA တပ်မဟာ(၁) အကြမ်းဖက်အဖွဲ့ကို အလိုမရှိ၊ တရားမဝင် NUG ၊ CRPH အလိုမရှိ၊ NUG၊ CRPH လက်ဝေခံ PDF အဖွဲ့ကို အလိုမရှိ " စသည့် ပိုစတာများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ အေးချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင် နှစ်ဦးကို ၎င်း၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၂**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင်လည်း ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ရှိ စီမံအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးခန်းမ(၁)၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကို ပြုလုပ်ခဲ့ပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဥက္ကဋ္ဌဦးအာကာလင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တောင်ကြီးတပ်နယ်မှ တာဝန်ရှိသူများ၊ (ပင်းတယ၊ ရွာငံ)တို့မှ မြို့နယ်စီမံချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူနှင့် ၎င်း၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား တာဝန်ရှိသူများက မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရွာငံမြို့မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့ အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပုလောမြို့နယ် မဒေါင်ကျေးရွာနှင့် ပိတတ်ကျေးရွာကြားရှိ ကျေးရွာချင်းဆက် သံပေါင်ဘေလီတံတားကို PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းခွဲဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၂၂**

တနင်္သာရီတိုင်း ဒေသကြီး ပုလောမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များကို ယနေ့နံနက် ၁ နာရီခွဲခန့်တွင် တိုကျေးရွာအုပ်စု ပိတတ်ကျေးရွာအနီး တစ်ဝိုက်တွင် ပေါက်ကွဲသံ တစ်ချက်ကြားရကြောင်း တာဝန်သိပြည်သူ တစ်ဦးက သတင်းပေးပို့လာခဲ့သည်။

အဆိုပါ တာဝန်သိပြည်သူ တစ်ဦး၏ သတင်းပေးပို့မှုကြောင့် ယနေ့နံနက်ပိုင်းတွင် လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ ပုလောမြို့နယ်၏ တောင်ဘက် မီတာ ၁၂၀၀၀ ခန့်အကွာ မဒေါင်ကျေးရွာနှင့်ပိတတ် ကျေးရွာကြားရှိ ကဒဲချောင်းကူး (ဒေသအခေါ် ပိတတ်ချောင်း) ကျေးရွာချင်းဆက် သံပေါင်ဘေလီ အမျိုးအစား (တံတား အကျယ် ၁၂ ပေ၊ အရှည် ပေ ၄၂၀ )ကို PDF မည်ခံအကြမ်းဖက်သမားများက



PDF အမည်ခံ အကြမ်းဖက်သမားများ၏ မိုင်းခွဲဖျက်ဆီးမှုကြောင့် တံတားကြမ်းခင်း သံပြားများ ပြုတ်ထွက်ပျက်စီးသွားမှုကို တွေ့ရစဉ်။



ပုလောမြို့နယ် မဒေါင်ကျေးရွာနှင့် ပိတတ်ကျေးရွာကြားရှိ ကျေးရွာချင်းဆက် သံပေါင်ဘေလီတံတားကို PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းခွဲဖျက်ဆီးမှု ဖြစ်စဉ်နေရာပြပုံ။

မိုင်းခွဲဖျက်ဆီးထားသည်ကို တွေ့ရှိရပြီး တံတားကြမ်းခင်းသံပြား လေးချပ်ပြုတ်ထွက် ပျက်စီးခဲ့ကြောင်း တွေ့ရှိရသည်။ အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာသူ/ကျေးရွာသားများ သွားလာမှု ခက်ခဲစေရန်နှင့် အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ ဖောက်ခွဲဖျက်ဆီးခြင်းဖြစ်ကြောင်း၊ အဆိုပါ မိုင်းခွဲဖျက်ဆီးမှုကြောင့် လက်ရှိတွင် မော်တော်ယာဉ်များ သွားလာ၍ မရဘဲ မော်တော်ဆိုင်ကယ်များသာ သွားလာနိုင်ကြောင်းနှင့် တံတားပျက်စီးမှုကို ပုလောမြို့နယ် ကျေးလက်လမ်း ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ ကျောဖုံးမှ

ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင်လည်း PDF အမည်ခံ အကြမ်းဖက်သမားများ အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မကျီးတုံကျေးရွာ အတွင်းသို့ Drone ယာဉ်များ အသုံးပြု၍ Drop Bomb များဖြင့် ဖောက်ခွဲ တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

**Drone ယာဉ် နှစ်စင်းအသုံးပြု**

ဖြစ်စဉ်မှာ မကျီးတုံကျေးရွာ အတွင်းသို့ ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက Drone ယာဉ် နှစ်စင်းအသုံးပြု၍ Drop Bomb ခြောက်လုံးကို ဖြုတ်ချဖောက်ခွဲ တိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ တိုက်ခိုက်ခြင်းကြောင့် ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲအတွင်းရှိ စာသင်ကျောင်းပေါ်သို့ လက်လုပ်ဗုံး တစ်လုံး၊ စာသင်ကျောင်းဆောင်၏ အရှေ့တန်းစီကွင်းနှင့် စာသင်ကျောင်း၏မြောက်ဘက် မီတာ ၁၀၀ ခန့်အကွာ လယ်ကွင်းအတွင်းတို့သို့ Drop Bomb များ ကျရောက်ပေါက်ကွဲခဲ့ပြီး အဆိုပါ ပတ်ဝန်းကျင်တစ်ဝိုက်တွင် လုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ ပြန်လည်ပစ်ခတ်မှုကြောင့် Drone ယာဉ် နှစ်စင်းသည် အနောက်ဘက်သို့ ဆုတ်ခွာပျံသန်းသွားခဲ့သည်။

**ထိခိုက်ပျက်စီးဆုံးရှုံး**

ဖြစ်စဉ်တွင် လူ/တိရစ္ဆာန် ထိခိုက်ဒဏ်ရာ ရရှိမှုမရှိဘဲ ပင်မကျောင်းဆောင်၏ အမိုးသွပ်များ၊ မျက်နှာကြက်နှင့် ကျောင်းသုံး ဗီရိုတို့ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည်။ ထိုသို့ ကျေးရွာအတွင်း Drop Bomb များဖြင့် ရမ်းသန်း ဖြုတ်ချ တိုက်ခိုက်ခဲ့သော PDF အမည်ခံ အကြမ်းဖက်သမားများ အား အမြန်ဆုံးဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ စစ်ဆေး ရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ခင်ဦးမြို့နယ်၊ မကျီးတုံကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများမှ Drop Bomb ဖြင့် ဖြုတ်ချတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ် နေရာပြပုံ










ခင်ဦးမြို့နယ် မကျီးတုံကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb ဖြင့် ဖြုတ်ချတိုက်ခိုက်ခဲ့မှုကြောင့် အလက(ခွဲ)(မကျီးတုံ)၌ ထိခိုက်ပျက်စီးမှုများကို တွေ့ရစဉ်။

# ရေကြောင်းသတိပေးချက် ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၂၂**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M–9 တွင် Development Drilling Campaign 2023–2024(1D) လုပ်ငန်းများအား Semi–Tender Assist Drilling Rig, GUO HAI TAI HE “GHTH” ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Restricted Area Boundary Coordinates for 1D တွင် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၈ ဒသမ ၈၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၄၄ ဒသမ ၁၀၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင် ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၂ မိနစ် ၁၁ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့် ၊Point F မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၂ မိနစ် ၁၁ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၅၀ ဒသမ ၅၀၀ စက္ကန့်နှင့် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၈ ဒသမ ၈၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၄၄ ဒသမ ၁၀၈ စက္ကန့် နှင့် Tentative Schedule for Drilling with GUO HAI TAI HE “GHTH” Rig for M9,1D တွင် Point ZWP–05 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၄ မိနစ် ၃၁ ဒသမ ၇၅၈ စက္ကန့်၊ အရှေ့လောင်ဂျီ တွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၀၂ ဒသမ ၄၆၃ စက္ကန့်၊ Point ZWP–06 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ် ၂၈ ဒသမ ၆၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၂၄ ဒသမ ၇၀၇ စက္ကန့်၊ Point ZWP–07 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ် ၃၇ ဒသမ ၉၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၄ မိနစ် ၄၈ ဒသမ ၀၃၇ စက္ကန့်၊ Point ZWP–08 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၉ မိနစ် ၀၆ ဒသမ ၂၅၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၂၄ ဒသမ ၅၈၂ စက္ကန့်၊ Point ZWP–12 Zawtika–25 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၅၂ ဒသမ ၇၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၆ မိနစ် ၄၃ ဒသမ ၅၈၆ စက္ကန့်၊ Point ZWP–13 Zawtika–24 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၀၇ ဒသမ ၈၃၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၉ မိနစ် ၂၂ ဒသမ ၇၆၅ စက္ကန့်၊ Point ZWP–14 Zawtika–15 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၉ မိနစ် ၅၄ ဒသမ ၃၁၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၇ မိနစ် ၄၅ ဒသမ ၄၁၀ စက္ကန့်နှင့် Point ZWP–15Zawtika–20A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၆ မိနစ် ၂၇ ဒသမ ၀၁၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၅ မိနစ် ၁၂ ဒသမ ၉၅၅ စက္ကန့်တို့အတွင်းတွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ M–9 တွင် Development Drilling Campaign 2023–2024(1D) လုပ်ငန်းများအား Semi–Tender Assist Drilling Rig, GUO HAI TAI HE “GHTH”ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်မည့်တည်နေရာများမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက ရေကြောင်းသတိပေးချက် ထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## ချောက်မြို့၌ စားသုံးရန်မသင့်သော အစားအသောက်အမှတ်တံဆိပ်များ ရောင်းချမှုမရှိစေရန် စစ်ဆေး

**ချောက် အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ စားသုံးရန် မသင့်သော အစားအသောက်အမှတ်တံဆိပ်များ ရောင်းချမှုမရှိစေရန်အတွက် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန နှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့တို့ ပူးပေါင်း၍ ချောက်မြို့မဈေးရှိ စားသောက်ကုန်နှင့် မုန့်မျိုးစုံဆိုင်များ၌ အောက်တိုဘာ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးသည်။

မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဒေါ်မြတ်မြတ်မိုးနှင့် ဒုတိယဦးစီးမှူး ဒေါ်ချိုဝေလွင်၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်လတ်လတ်ငွေ၊ မြို့မဈေးတာဝန်ခံ ဦးရဲကြည်ဆွေတို့က စားသုံးရန်မသင့်သော စားသောက်ကုန်အမှတ်တံဆိပ် ခြောက်မျိုးကို ရောင်းချမှုမရှိစေရေး၊ ကုန်ပစ္စည်းလက်ကျန် မရှိစေရေးနှင့် စားသုံးသူများ အနေဖြင့် ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းသော အစားအသောက်များ စားသုံးနိုင်ရေး ရည်ရွယ်၍ ဈေးကွက် အတွင်းသို့ ကောင်းမွန်သောကျင့်စဉ်နှင့်အညီ ရောင်းချမှု ရှိ/မရှိ စစ်ဆေးခဲ့ပြီး ဆိုင်ရှင်များကို အသိပညာပေးခြင်းများလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျေးဇူးကမ္ဘာပါ စီးပွားဘဏ်

— — — — မြင့်အောင် (ရွှေဘိုသား) — — — —

"သောက်ရေသန့်ကား ရောက်ပါပြီဗျို့"

သီးလုံးရွာထဲသို့ သောက်ရေသန့်လာပို့သောကားလေးမှာ အချိန်မှန် ရောက်ရှိလို့လာပါပြီ။ တစ်အိမ်ပြီးတစ်အိမ်လိုက်ပို့ရင်း သောက်ရေသန့်ကားလေးမှာ ရွာလယ်ရှိ ဝင်းရတနာဆန်စက်ဝင်းထဲသို့ဝင်လာခဲ့ပြီး ကားခေါင်းခန်းမှ လူရွယ်တစ်ဦးဆင်းလာကာ

"ဗျို့ စက်ပိုင်သူဌေး တကယ်ကြိုးစားလှပါလား၊ ပိုက်ဆံတွေ ထားစရာရော ရှိသေးရဲ့လားဗျာ" ဟု ဆန်စက်ဘက်သို့ လှမ်းအော်ပြောလိုက်ရာ ဆန်စက်ထဲမှ လူတစ်ဦး ကိုယ်ပေါ်ရှိ ဖွဲမှုန်များကိုခါရင်း ထွက်လာပြီး လူငယ်ကိုတွေ့သွားကာ

"ဟာ ကိုတေဇာပါလား၊ ကိုယ်တိုင်လိုက်လာတာပေါ့လေ" ဟု ပြန်နှုတ်ဆက်လိုက်ပါသည်။

ထို့နောက် ကိုတေဇာဆိုသူသည် ဆန်စက်ထဲသို့ လှမ်းကြည့်လိုက်ပြီး

"ဦးဖိုးလောကြီး ဆန်စက်အသစ်ပြန်တည်တယ်ကြားလို့ လာကြည့်တာ၊ အလုပ်ဖြစ်လှပါလား" ဟု ပြောလိုက်ရာ ဦးဖိုးလောက

"ဟုတ်တယ် ကိုတေဇာရေ၊ အရင် ငါးပုံစက်လေးက ဟောင်းနေပြီ၊ အခုချိန်မှာ အလုပ်မဖြစ်တော့ဘူးလေ၊ ဒါကြောင့် အခု တရုတ်တန် ၃၀ စက်အသစ် ပြန်ဆင်လိုက်တာ"

"ကောင်းလိုက်တာဗျာ၊ ခင်ဗျား ငွေလည်းတော်တော်လေးထပ်ဖြည့်ရမှာပေါ့နော်"

"ငွေသိပ်ရှိလို့တော့ မဟုတ်ပါဘူးကွာ၊ မြို့က မိတ်ဆွေတစ်ဦးက အကြံပေးလို့ ဘဏ်ကနေ ချေးငွေချေးပြီး လုပ်ရတာပါကွာ"

"ဟုတ်တယ် ကျွန်တော်လည်း အဲဒါကြားလို့ ခင်ဗျားဆီလာတွေ့တာ၊ စိတ်ဝင်စားတယ်ဗျာ၊ လုပ်ပါ ကျွန်တော့်ကိုသေသေချာချာပြောပြစမ်းပါဗျာ"

"အေးပါ စိတ်ဝင်စားတယ်ဆိုရင်ပြောပြပ့ါမယ်၊ အခု မြန်မာ့စီးပွားရေးဘဏ်ကနေ MSME လုပ်ငန်းတွေကို MSME ချေးငွေတွေ သီးသန့်ချေးပေးနေတယ်လေ၊ အဲဒါ ကျုပ်မိတ်ဆွေနဲ့အတူ မြန်မာ့စီးပွားရေးဘဏ်ကိုသွားပြီး မန်နေဂျာနဲ့တွေ့ပြီး ဆွေးနွေးလိုက်တာပေါ့၊ အဲဒီမှာ ကျုပ်ဖြစ်ချင်တဲ့ တရုတ် တန် ၃၀ ကျ ဆန်စက်အသစ်ကိုဝယ်ပြီး ပြန်တပ်ဆင်လိုကြောင်း အသေးစိတ်ပြောပြလိုက်တယ်လေ၊ သူတို့မှုနဲ့လည်း ကိုက်နေတော့ ဘဏ်ကို ဒီမြေနဲ့တိုက်ရယ်၊ ဂိုဒေါင်တွေရယ် အာမခံပေး၊ တောင်းတဲ့စာရွက်စာတမ်းတွေ တင်ပြပြီး ချေးငွေချေးလိုက်တာ အခုမြင်ရတဲ့ ဆန်စက်အသစ် ဖြစ်လာတာပဲလေ၊ ဘာမှ ခက်ခက်ခဲခဲသိပ်မရှိပါဘူးကွာ၊ စိတ်ရှည်ရှည်နဲ့ လိုတဲ့စာရွက်စာတမ်း အထောက်အထား၊ ထောက်ခံချက်လေးတွေတော့ စနစ်တကျလုပ်ပေးရတာပေါ့၊ နည်းနည်းလေးအားစိုက်လုပ်ပေးလိုက်ရင် အဆင်ပြေပါတယ်ကွာ"

"ဟုတ်လား၊ ဘာစာရွက်စာတမ်းတွေလိုတာလဲ"

"အဓိကကတော့ အာမခံပေးမယ့်မြေရဲ့ ဂရန်စာချုပ်၊ MSME မှတ်ပုံတင်နဲ့ ထောက်ခံချက်၊ လုပ်ငန်းလိုင်စင်၊ အခွန်ချလန်တွေ၊ ကိုယ်ဝယ်ချင်တဲ့ စက်ပစ္စည်းအမျိုးအစား၊ တန်ဖိုး စတဲ့အချက်အလက်တွေပါပဲ၊ ဒ့ါအပြင် ဘဏ်က လိုတယ်ဆိုတဲ့ အထောက်အထားတွေကို အဆင်ပြေအောင် လုပ်ပေးရတာပေ့ါ"

"အချိန်ရော တော်တော်ကြာတာလား"

"ဒါကတော့ကွာ ဥစ္စာရင်လို ဥစ္စာရင်ခဲရတာပေ့ါ၊ လိုတဲ့စာရွက်စာတမ်းအထောက်အထားတွေကို မြန်မြန်စုံအောင် ကိုယ်ကပေးနိုင်ရင် ပြည့်စုံတော့ ဘဏ်ကလည်း ရုံးချုပ်ကို မြန်မြန်တင်ပေးနိုင်တာပေ့ါကွာ"

"မသိပါဘူးဗျာ အရင်ကကြားတာ စာရွက်စာတမ်းတွေ အများကြီးတောင်းတာ တအားအလုပ်ရှုပ်တာပဲ၊ ကြာလည်းကြာတယ်ပြောကြလို့ပါ"

"ကြားကပြောတာတွေကို မယုံပါနဲ့၊ ကိုယ်တိုင် ဘဏ်မန်နေဂျာနဲ့ သွားတွေ့ပြီး ကိုယ့်ဘာသာကိုယ် တိုက်ရိုက်ဆက်သွယ်လုပ်ပါ ပြောသလောက်လည်း မခက်ပါဘူးကွာ"



"ချေးငွေက ဘယ်လောက်ကြာကြာရတာလဲဗျ၊ ပြီးတော့ ဘယ်လို ပြန်ဆပ်ရတာလဲ ရှင်းစမ်းပါဦးဗျာ "

"ကိုယ်လည်း လျှောက်တာကတော့ ငါးနှစ်လျှောက်တာပဲလေ၊ ဒါပေမယ့် ဘဏ်ရုံးချုပ်က သုံးနှစ်ပဲ ခွင့်ပြုခဲ့တာလေ၊ ပထမတစ်နှစ်မှာ အရင်းတစ်နှစ် ဆိုင်းငံ့ပေးပြီး သုံးလတစ်ကြိမ် အတိုးပဲဆပ်ရတယ်လေ၊ နောက်နှစ်နှစ်မှာ လေးကြိမ်ခွဲပြီးမှ ပြန်ဆပ်ရမှာ၊ မင်းနားလည်အောင် ပြောရရင် သုံးလတစ်ကြိမ် အတိုးမှန်မှန်ဆပ်ပြီး တစ်နှစ်ခွဲမှ အရင်းရဲ့ လေးပုံတစ်ပုံ၊ နှစ်နှစ်ပြည့်မှ လေးပုံတစ်ပုံ၊ နှစ်နှစ်ခွဲမှာ နောက်ထပ် လေးပုံတစ်ပုံနဲ့ သုံးနှစ်ပြည့်တဲ့နေ့မှာ ကျန်တဲ့လေးပုံတစ်ပုံကို အပြေအကျေပြန်ဆပ်ရမှာ"

"ဟာဟုတ်လား၊ အဲဒီလို ခွဲပြီးပြန်ဆပ်ရတော့ ငွေမမောရတော့ဘူးပေ့ါ၊ သက်သက်သာသာနဲ့ပဲ အကုန်ပြန်ကျေသွားတာပေ့ါနော်"

"ဒ့ါအပြင် အခုဆို အာမခံပေးထားတဲ့ ကျုပ်တိုက်ရယ်၊ ဂိုဒေါင်ရယ်၊ ဆန်စက်ရုံနဲ့ စက်တွေရယ်ကို မီးအာမခံထားရတော့ ချေးငွေမကျေခင် အကြောင်းကြောင်းကြောင့် မီးလောင်ဆုံးရှုံးမှာလည်း မပူရတော့ဘူးလေ"

"သြော် ဖွဟဲ့ မပြောကောင်း မဆိုကောင်း ဒီကြားမှာ မီးလောင်ခဲ့ရင်တောင် ချေးငွေအတွက် လျော်ကြေးရမှာဆိုတော့ စိတ်မပူရတော့ဘူးနော်"

"ဒါကြောင့်ပြောတာပေ့ါ၊ အဆင်ပြေပါတယ်လို့၊ အတိုးနှုန်းကလည်း အလွန်သက်သာတာ၊ ကျုပ်က MEB MSME ချေးငွေနဲ့ချေးလို့ တစ်နှစ်မှ ၆ ဒသမ ၅ ရာခိုင်နှုန်းပေးရတာ၊ ဂျပန်ချေးငွေ JICA MSME ချေးငွေစနစ်နဲ့ဆိုရင် ၅ ဒသမ ၅ ရာခိုင်နှုန်းပဲပေးရတာ"

"အဲဒီချေးငွေစနစ်နှစ်မျိုးက ဘာကွာတာလဲ "

"ဘဏ်မန်နေဂျာကြီးပြောတာကတော့ ငွေချေးတဲ့လုပ်ငန်းအမျိုးအစားအလိုက်ကွာတာတဲ့၊ အကျုံးဝင်တဲ့စနစ်နဲ့ ဘဏ်ကချေးပေးမှာပါ"

"အေးဗျာ၊ အခုလိုပြည့်ပြည့်စုံစုံရှင်းပြတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်လည်း အခုရေသန့်စက်တစ်စုံနဲ့ ရေဘူးတွေထုတ်ပြီး ကားတစ်စီးတည်းနဲ့ လိုက်ပို့နေရတာ အားမရဘူးဗျာ၊ အိမ်မှာ စက်ရေတွင်းက ရေကောင်းသလို ရေထွက်အားလည်း အလွန်ကောင်းတယ်၊ ဒါကြောင့် နောက်ထပ်ရေသန့်စက်တစ်စုံရယ်၊ စတီးရေကန်သုံးလုံးရယ်၊ လိုက်ထရပ်ကား တစ်စီးရယ် ထပ်လိုချင်တာ၊ ငွေမနိုင်သေးလို့ဗျာ၊ အခုတော့ အဆင်ပြေသွားပြီ၊ ကျွန်တော်လည်း မြန်မာ့စီးပွားရေးဘဏ်မှာ MSME ချေးငွေချေးချင်တယ်ဗျို့၊ ကျွန်တော့်ကို ဘဏ်မန်နေဂျာကြီးနဲ့ တွေ့ပေးပါဦး"

"လျှောက်တာကတော့ ငါးနှစ်လျှောက်တာပဲလေ၊ ဒါပေမယ့် ဘဏ်ရုံးချုပ်က သုံးနှစ်ပဲ ခွင့်ပြုခဲ့တာလေ၊ ပထမတစ်နှစ်မှာ အရင်းတစ်နှစ်ဆိုင်းငံ့ပေးပြီး သုံးလတစ်ကြိမ် အတိုးပဲဆပ်ရတယ်လေ၊ နောက်နှစ်နှစ်မှာ လေးကြိမ်ခွဲပြီးမှ ပြန်ဆပ်ရမှာ၊ မင်းနားလည်အောင် ပြောရရင် သုံးလတစ်ကြိမ် အတိုးမှန်မှန်ဆပ်ပြီး တစ်နှစ်ခွဲမှ အရင်းရဲ့ လေးပုံတစ်ပုံ၊ နှစ်နှစ်ပြည့်မှ လေးပုံတစ်ပုံ၊ နှစ်နှစ်ခွဲမှာ နောက်ထပ် လေးပုံတစ်ပုံနဲ့ သုံးနှစ်ပြည့်တဲ့နေ့မှာ ကျန်တဲ့လေးပုံ တစ်ပုံကို အပြေအကျေပြန်ဆပ်ရမှာ "

"ရပါတယ် ကိုတေဇာရယ်၊ မနက်ဖြန် ကျုပ်လည်း မြို့သွားစရာရှိတယ်၊ လိုက်ခဲ့လေ၊ မြန်မာ့စီးပွားရေးဘဏ်သွားပြီး မန်နေဂျာကြီးနဲ့ တွေ့ပေးမယ်လေ"

"ကျေးဇူးပါ ဦးဖိုးလောကြီးရေ၊ မြန်နိုင်သမျှ မြန်လေကောင်းလေပေ့ါဗျာ၊ ကဲအခုတော့ ပြန်ပြီဗျို့ " ဟု ပြောကာ ရေသန့်ပို့တဲ့ကားလေးလည်း ရွာထဲမှ ပြန်ထွက်သွားခဲ့ပေသည်။

x x x x x

ထို့နောက် သုံးလကျော်ကျော်ခန့် ကြာသောအခါ သီးလုံးရွာထဲသို့ လိုက်ထရပ်ကားအသစ်တစ်စီးဝင်လာပြီး

"ရွှေသရဖူ သောက်ရေသန့်လာပါပြီဗျို့" ဟု အော်သံကြားရပြီးနောက် ရွာလယ်ရှိ ဝင်းရတနာဆန်စက်ဝင်းအတွင်းသို့ ဝင်ရောက်လာခဲ့လေသည်။ ထို့နောက် ကားပေါ်မှဆင်းလာသည့် ကိုတေဇာအား စက်ပိုင် ဦးဖိုးလောက တွေ့လိုက်ပြီး

"ဟာ ဘယ်သူများလဲမှတ်တယ်၊ ရေသန့်သူဌေးကြီးပါလား၊ ကားအသစ်ကြီးနဲ့ အတော်အဆင်ပြေနေတာပေ့ါလေ"

"ဟုတ်တယ်ဗျို့၊ ခင်ဗျားကျေးဇူးလည်းပါတယ်လေ၊ အခုမြန်မာ့စီးပွားရေးဘဏ်ကနေ JICA MSME ချေးငွေ သိန်း ၈၀၀ ရတယ်လေ၊ အဲဒါ အခု ရေသန့်စက်တစ်လုံး ထပ်တည်ပြီး လုပ်ငန်းတွေချဲ့နိုင်လို့ ကားတစ်စီးလည်း ထပ်ဝယ်၊ အရှေ့ဘက်နဲ့ အနောက်ဘက်ကရွာတွေကိုလည်း ကားနှစ်စီးနဲ့ တစ်ပြိုင်တည်းပို့နိုင်ခဲ့ပြီလေ၊ တစ်နည်းအားဖြင့် ကျွန်တော့်အိပ်မက်တွေ အကောင်အထည်ဖော်နိုင်ခဲ့ပြီပေ့ါ"

"အေးကွာ၊ ငါတို့လို အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်တွေအတွက်ကတော့ ဒီ MSME ချေးငွေက အလွန်ကို အကျိုးရှိတာ၊ မသိသူကျော်သွား သိသူဖော်စားပေ့ါ၊ ဒါကြောင့် ကျုပ်လည်း ကျုပ်အသိမိတ်ဆွေတွေကို ဒီ MSME ချေးငွေအကြောင်း အမြဲပြောပြနေတာလေ"

"ဟုတ်ပါတယ် ဦးဖိုးလောကြီးရာ၊ အခုလို ကျွန်တော်တို့လုပ်ငန်းတွေ တိုးတက်အောင်မြင်လာတာဟာ ဒီ MSME ချေးငွေကြောင့်ဆိုတာ ငြင်းမရပါဘူး၊ ဒါကြောင့် ကျွန်တော်ကတော့ မြန်မာ့စီးပွားရေးဘဏ်ကြီးကို အများကြီးကျေးဇူးတင်လွန်းလို့ ကျေးဇူးကမ္ဘာပါ စီးပွားဘဏ်လို့သာ ပြောလိုက်ချင်တယ်ဗျို့"။ ။




"အဓိကကတော့ အာမခံပေးမယ့်မြေရဲ့ ဂရန်စာချုပ်၊ MSME မှတ်ပုံတင်နဲ့ ထောက်ခံချက်၊ လုပ်ငန်းလိုင်စင်၊ အခွန်ချလန်တွေ၊ ကိုယ်ဝယ်ချင်တဲ့ စက်ပစ္စည်းအမျိုးအစား၊ တန်ဖိုးစတဲ့အချက်အလက်တွေပါပဲ၊ ဒ့ါအပြင် ဘဏ်က လိုတယ်ဆိုတဲ့ အထောက်အထားတွေကို အဆင်ပြေအောင် လုပ်ပေးရတာပေ့ါ"

လိုတဲ့စာရွက် စာတမ်းအထောက်အထားတွေကို မြန်မြန်စုံအောင် ကိုယ်ကပေးနိုင်ရင် ပြည့်စုံတော့ ဘဏ်ကလည်း ရုံးချုပ်ကို မြန်မြန်တင်ပေးနိုင်တာပေ့ါ

မိမိလုပ်ငန်း တိုးချဲ့ရန် MSME ချေးငွေကို သတိရပါ။

MSME ချေးငွေရလိုပါက သက်ဆိုင်ရာမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်များသို့ ဆက်သွယ်ပါ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၁၀-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

- **၀၆:၀၀** "နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ရတနသုတ်၊ တောရှုဂ်သုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်"
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** သတင်းသမားပြောတဲ့သတင်းစကား
- **၀၉:၁၀** နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
- **၀၉:၂၀** စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲ "တူယှဉ်နွဲ့ပျော်ဂီတပွဲတော် Season-2" တေးသီချင်းဆိုပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (အုပ်စု-ဃ) (ပွဲစဉ်-ဂ)
- **၁၃:၀၀** အသိပညာနှင့်အမှန်တရား
- **၁၃:၂၀** MRTV National News
- **၁၃:၄၅** မြန်မာဂန္ထဝင်ရုပ်ရှင် "ခိုင်မာလာနှင်းဆီ" (ဒါရိုက်တာ-ကြည်စိုးထွန်း)
- **၁၆:၃၅** အတွေးအမြင်စုံစွာကျွန်တော်တို့လက်ရာ (ညီတူညီမျှ)
- **၁၆:၄၅** Sports Diary
- **၁၇:၃၀** Economic Review
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သုတဝေဖြာ သီရိဝေဟာ
- **၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ 'အတိုးမပေးတဲ့ ဒိုးလေး' (အပိုင်း-၆)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** ဘဝနှင့်အနုပညာ 'အကယ်ဒမီခင်သီတာထွန်း' (အပိုင်း-၂)
- **၂၁:၁၅** ဆေးရောင်စုံရုပ်ရှင် "မောင့်မြွှာညို" နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ရတနသုတ်၊ တောရှုဂ်သုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်

**mitv**

- **07:01** Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar
- **07:09** Myanmar Paper Toys
- **07:15** Wushu Kids & Their Limit (Ep-4)
- **07:27** Myanmar Traditional Snacks: Shwe Hta Min
- **07:33** Alms Bowl
- **07:52** Faces Of ASEAN (Myanmar)
- **08:01** News
- **08:27** Tobacco Pipe Making Business (Ywar Lut Village)
- **08:33** Discovering Tribes: Bwe
- **09:02** Life of A Farmer
- **09:29** Today Myanmar: Taking Men Out Of Dark To Light
- **09:42** Ananda Temple
- **10:48** Perspectives: Setting Standards In Civil Service

**MRTV NRC**

- **အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ဖျိုင်းပြုရွာမှ ရေလုပ်သားကြီးရဲ့ဘဝ
- **ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** မန်ကျည်းပင်၏ကောင်းကျိုးများ
- **ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** ကျန်းမာရေးအတွက် အကျိုးအာနိသင်တွေပေးတဲ့ မန်ကျည်းသီး
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** စံပယ်ပန်းအစွမ်း မွှေးကြိုင်လန်း
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** လေးရှင်းတောင်မီးပြတိုက်ဟောင်း
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** 'တိုင်းခင်'ဝံ့ရှမ်းတိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့
- **ဝ (၁၅:၀၀ မှ ၁၇:၀၀)** ချစ်ရမွှက်မီး (အပိုင်း-၁)
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** 'ဝ'ဥစိုက်ကြမယ်
- **ကယား (၁၉:၀၀ မှ ၂၁:၀၀)** ကောက်ညင်းကျဉ်တောက်
- **ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)** သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၇)
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-ဂ)

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "မမှန်သတင်းပေးခြင်း"
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၅
- **၁၁:၀၀** တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၇:၀၀** "စိုက်ပျိုးရေးရာအဖြေရှာ"
- **၀၇:၁၅** ကိုင်းကူးကိုင်းဆက်နည်းပညာ
- **၀၇:၄၀** တစ်ပိုင်တစ်နိုင်မွေးမြူရေးမှသည် စီးပွားဖြစ်မွေးမြူရေးဆီသို့
- **၀၈:၂၀** နမ်းသီးနှံဖွံ့ဖြိုးရေးရည်မှန်း သုတေသနစွမ်းအားဖြင့်ပံ့ပိုးဖေါ်
- **၀၉:၁၀** ရေကိုခြွေတာသုံးစွဲခြင်းနည်းပညာ
- **၀၉:၄၀** ပိုင်ထုတ်လုပ်မှုအဆင့်ဆင့်သိကောင်းစရာ

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

---

* *ကျောဖုံးမှ*

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘာရာဆောမြို့၏ တောင်ဘက် ရေမိုင် ၅၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။ မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာ နိုင်ငံဘက်သို့ ဦးတည်ရွေ့လျား မည့် အခြေအနေမရှိပါသဖြင့် အဝါ ရောင် အဆင့်ဟု သတ်မှတ်ပါသည်။

**မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ မုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျု ၁၃ ဒသမ ၉ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၀ ဒသမ ၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၇ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းခန့် ဖြစ်ပါသည်။

**နောက်(၇၂)နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၃ ရက်တွင် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့၌ အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် မြောက်-အရှေ့ မြောက်ဘက်သို့ ပြန်ကွေ့ကာ အောက်တိုဘာ ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း အားကောင်းလာနိုင်ပြီး အောက်တိုဘာ ၂၅ ရက် တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရပါသည်။

**သတိပေးနိုးဆော်ချက်**

မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၂၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့် ရှိနိုင်ပါသည်။

**အကြံပြုချက်**

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂ - ၁၀ - ၂၀၂၂

### ရွှေ

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၁၉၅၂၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၁၉၅၂၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၅၇ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၅၇ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၈၀ ကျပ် | ၂၆၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၆၅ ကျပ် | ၂၇၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၈၅ ကျပ် | ၂၀၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၇၅ ကျပ် | ၂၁၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၄၇ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၆၉ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၇၆၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၉၁ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၄၃ . ၂၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၉ . ၈၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၈၂ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၅၀၀ | ၉၄၀၀ | ၂၀၀ | ၁၈၈၅၀၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၁ | ၈၅၈၀၀ |
| FPB | ၂၁၀၀၀ | ၂၀၀၀၀ | ၂၀ | ၄၀၂၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၈၀ | ၂၁၆၀၀၀ |
| AHP | ၅၁၀၀ | ၅၁၀၀ | ၅၃ | ၂၇၀၃၀၀ |

ညီညီ - စုစည်းသည်

---

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# သီတင်းကျွတ်ပိတ်ရက်အပြီး မတ်ပဲဈေးနှုန်းများ တက်ရိပ်ပြလာ



**ရန်ကုန် အောက်တိုဘာ ၂၂**

သီတင်းကျွတ်ပိတ်ရက်အပြီးတွင် မတ်ပဲဈေးနှုန်းများ တက်ရိပ်ပြလာကြောင်း ဒေသအသီးသီးရှိ ပဲဈေးကွက်ကျွမ်းကျင်သူများထံမှ သိရသည်။

"ပွဲရုံပိတ်ရက်/ရုံးပိတ်ရက်တွေ ပြီးသွားတဲ့နောက် ဘုရင့်နောင်ကုန်စည်ဒိုင်မှာ မတ်ပဲ အရည်အသွေးကောင်း FAQ တစ်တန်ပေါက်ဈေးဆိုရင် ကျပ် ၁၈၄၀၀၀၀ အထိ ပေါက်ဈေးရှိလာတယ်။ အရင်တစ်ပတ်က ဆိုရင် မတ်ပဲဈေးက ၁၈ သိန်းအောက်ကို ကျသွားသေးတာပါ။ အခုတော့ ဈေးပြန်တက်လာတာတွေ့ရတယ်။ မတ်ပဲ (အရည်အသွေးနိမ့်) အကြမ်းဈေးကလည်း ဈေးမငြိမ်ရာကနေ ပြန်တက်လာပါတယ်"ဟု ဘုရင့်နောင်ကုန်စည်ဒိုင် ပဲဈေးကွက်မှ ဈေးကွက်ကျွမ်းကျင်သူ ဦးသောင်းမြင့်က ပြောသည်။

ဩဂုတ်လကုန်ပိုင်းက မတ်ပဲတစ်တန်လျှင် ကျပ် ၂၁ သိန်းကျော်အထိ ဈေးမြင့်တက်ခဲ့ပြီး စက်တင်ဘာလနောက်ဆုံးပတ်မှစတင်၍ မတ်ပဲဈေးနှုန်းများ ကျဆင်းခဲ့ကာ ယခုအောက်တိုဘာလတွင်မူ အိန္ဒိယနိုင်ငံဘက်မှ ပဲဝယ်လိုအားရှိလာသည့်အတွက် ပဲဈေးများ ပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း ကုန်သည်များထံက သိရသည်။

"မြန်မာပြည်က ပဲတွေကို အဓိကဝယ်နေတာက အိန္ဒိယနိုင်ငံဆိုတော့ ပြည်ပဝယ်လိုအားအပေါ်လည်း မူတည်တယ်။ ဒီအပတ်ထဲမှာ ဒေါ်လာဈေးကြောင့် မတ်ပဲဈေး ပြန်တက်လာတယ်လို့လည်း သိရတယ်။ အောက်တိုဘာလဆန်းပိုင်းက အိန္ဒိယမှာ မိုးများ၊ ရေကြီးလို့ သူတို့ဘက်က စိုက်ပျိုးထားတဲ့ ပဲခင်းတွေအပါအဝင် တခြားသီးနှံစိုက်ခင်းတွေ အနည်းနဲ့အများ ပျက်စီးမှုကြုံခဲ့ရနိုင်တယ်။ ဒီသတင်းသဲ့သဲ့ကြားရပြီးကတည်းက မြန်မာဘက်မှာလည်း မတ်ပဲဈေးက ပြန်တက်လာတာဖြစ်ပါတယ်"ဟု ပဲကုန်သည်က ပြောသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စက်တင်ဘာလကုန်အထိ ကာလအတွင်း မြန်မာနိုင်ငံမှ ပဲမျိုးစုံ ပြည်ပတင်ပို့မှု တန်ချိန်ရှစ်သိန်းကျော်ရှိထားပြီး ပြည်ပဝင်ငွေ ဒေါ်လာ ၆၃၇ သန်းကျော် ရရှိထားပြီဖြစ်ကြောင်း စီးပွားကူးသန်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

**နန်းထက်ထက်ချစ်**

# တရုတ်ကြက်သွန်နီများ ဝင်ရောက်နေသော်လည်း မြန်မာကြက်သွန်နီများ ဈေးကျဆင်းမှုမရှိဘဲ အရောင်းသွက်နေ

**မန္တလေး အောက်တိုဘာ ၂၂**

ယခုရက်ပိုင်းအတွင်း မန္တလေးဈေးကွက်အတွင်းသို့ တရုတ်နိုင်ငံမှထွက်ရှိသည့် ကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်နေသော်လည်း မြန်မာကြက်သွန်နီများ ဈေးနှုန်းကျဆင်းမှုမရှိဘဲ အရောင်းသွက်နေကြောင်း မန္တလေးမြို့ရှိ ကြက်သွန်ကုန်သည်များထံမှ သိရသည်။



တရုတ်နိုင်ငံမှထွက်ရှိသည့် ကြက်သွန်နီများသည် မန္တလေးဈေးကွက်အတွင်းသို့ ကြက်သွန်နီအပြား၊ ကြက်သွန်နီအလုံး၊ ကြက်သွန်နီအညိုဟူ၍ သုံးမျိုးသုံးစား ဝင်ရောက်လာပြီး ဈေးနှုန်းများမှာ တစ်ပိဿာလျှင် ကျပ် ၁၀၀၀ မှ ၁၇၀၀ ဈေးအထိရှိကြောင်း၊ မြန်မာကြက်သွန်နီဈေးနှုန်းများမှာ တစ်ပိဿာလျှင် ကျပ် ၃၇၀၀ မှ ၄၀၀၀ ဈေးအထိရှိနေပြီး တရုတ်ကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်နေသော်လည်း မြန်မာကြက်သွန်များ ဈေးနှုန်းကျဆင်းမှုမရှိဘဲ အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"မန္တလေးဈေးကွက်ထဲကို အောက်တိုဘာလဆန်းကစပြီး တရုတ်ကြက်သွန်နီတွေ လှိုင်လှိုင်ဝင်ရောက်နေပေမယ့် မြန်မာကြက်သွန်နီတွေ ဈေးကျဆင်းမှုမရှိပါဘူး။တရုတ်နိုင်ငံက ဝင်ရောက်လာတဲ့ ကြက်သွန်နီဈေးနှုန်းက မြန်မာကြက်သွန်နီဈေးနှုန်းနဲ့ ကွာခြားနေပေမယ့် မြန်မာကြက်သွန်နီက တရုတ်ကြက်သွန်နီထက် အရသာကောင်းပြီး အာဟာရလည်းပြည့်ဝပါတယ်။ အနှစ်လည်း ရှိတဲ့အတွက် မြန်မာကြက်သွန်နီကို စားသုံးသူများက အားထားပြီး ဝယ်ယူစားသုံးကြပါတယ်။ အခုချိန်မှာ ဈေးကွက်ထဲတွင် မြန်မာကြက်သွန်နီတွေ လက်ကျန်နည်းပါးနေပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုလည်း တင်ပို့နေရတာကြောင့် လက်ကျန်နည်းသွားတာပါ။ လက်ရှိအချိန်မှာ မြန်မာကြက်သွန်နီတွေ ဈေးကောင်းရရှိနေပြီး ကြက်သွန်ဈေးက ကျဆင်းသွားစရာမရှိပါဘူး"ဟု ၎င်းက ဆက်ပြောသည်။

မန္တလေးဈေးကွက်အတွင်းသို့ ယခုရက်ပိုင်းအတွင်း မုံရွာ၊ ပခုက္ကူ၊ မြင်းခြံ၊ တောင်သာ၊ မြစ်သားစသည့် ဒေသများမှ ထွက်ရှိလာသည့် ကြက်သွန်နီများ ဝင်ရောက်လျက်ရှိသော်လည်း ယခင်လများနှင့်နှိုင်းယှဉ်ပါက အဝင်နည်းသွားကြောင်း၊ တရုတ်ကြက်သွန်နီများ ဝင်ရောက်နေသော်လည်း ပြည်တွင်းမှထွက်ရှိသည့် မြန်မာကြက်သွန်နီဈေးနှုန်းမှာ ကျဆင်းသွားခြင်း မရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မိုးမောက်ဒေသထွက် တည်သီးများ ဈေးကောင်းရရှိနေ

**မိုးမောက် အောက်တိုဘာ ၂၂**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် စိန်လုံတောင်ပေါ်ဒေသထွက် တည်သီးများ ဈေးကောင်းရရှိနေ၍ တည်သီးပင်စိုက်ပျိုးသူများ၊ သယ်ယူရောင်းချသူများ၊ ဈေးသည်များ အဆင်ပြေကြကြောင်း သိရသည်။

တည်သီးပင်များသည် မိုးမောက်မြို့နှင့် လွယ်ဂျယ်မြို့အကြားရှိ ရာသီဥတုအေးမြသော စိန်လုံတောင်ပေါ်တွင် ဖြစ်ထွန်းအောင်မြင်သဖြင့် ဒေသခံများက ခြံအဖြစ် စီးပွားဖြစ်စိုက်ပျိုးကြသည်။ တည်သီးကို စက်တင်ဘာလဆန်းပိုင်းတွင် စတင်ဆွတ်ခူးပြီး အောက်တိုဘာလကုန်တွင် အပင်မှ အပြီးဆွတ်ခူးကြသည်။ တည်သီးကို အကျွတ်သီး (အစိမ်း)၊ အမှည့်နှင့် အခြောက်ဟူ၍ သုံးမျိုးရောင်းချကြသည်။

"မနှစ်က တည်သီးအကျွတ်တစ်လုံးကို ကျပ် ၅၀၊ ကျပ် ၆၀၊ တည်သီးအမှည့်တစ်လုံးကို ကျပ် ၅၀၊ တည်သီးအခြောက် တစ်ပိဿာကို ကျပ် ၅၀၀၀ ဝန်းကျင် ဈေးရှိခဲ့ရာက ဒီနှစ်မှာ အောက်တိုဘာ ၁၉ ရက် လက်လီရောင်းဈေးက တည်သီးအကျွတ်တစ်လုံး ကျပ် ၁၀၀ မှ ၁၅၀၊ တည်သီးအမှည့်တစ်လုံး ကျပ် ၁၀၀ ဝန်းကျင်၊ တည်သီးအခြောက် တစ်ပိဿာကို ကျပ် ၁၀၀၀၀ ဈေးရှိတယ်"ဟု ဈေးသည်တစ်ဦးက ပြောသည်။

**ဆီမီးခုံ-နန်းရီ**



# မင်းဘူး(စကု)မြို့နယ်၌ ငရုတ်သီးအထွက်နှုန်းကောင်းပြီး ဈေးကောင်းရရှိနေ

**မင်းဘူး အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်း ကျေးရွာများ၌ စိုက်ပျိုးသော ငရုတ်စိုက်ခင်းများ အထွက်နှုန်းကောင်းပြီး ဈေးကောင်းလည်းရနေသဖြင့် ငရုတ်စိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း ငွေသောင်ကျေးရွာက ငရုတ်စိုက်တောင်သူများထံမှ သိရသည်။

ငရုတ်ပင်များကို မျိုးစေ့ချစိုက်ပျိုးလျှင် သုံးလ၊ ပျိုးထောင်စိုက်ပျိုးလျှင် နှစ်လအကြာတွင် ပန်းများစပွင့်ကာ ပန်းပွင့်ပြီး နှစ်ပတ်အကြာတွင် အသီးများ စတင်ခူးဆွတ်နိုင်သည်။ ငရုတ်သီးအထွက်နှုန်းမှာ မြေအနေအထားနှင့် အပင်ကောင်းမှုအပေါ် မူတည်ကာ တစ်ဧကလျှင် ပိဿာချိန် ၅၀၀ မှ ၁၀၀၀ အကြား ထွက်ရှိသည်။



မင်းဘူး(စကု)မြို့နယ်၌ ငရုတ်သီးစိုက်ပျိုးရာတွင် ပင်နံ့ငရုတ်နှင့် ငရုတ်ပွအတောင့်ရှည်မျိုးများကို စိုက်ပျိုးကြပြီး လက်ကားဈေးအနေဖြင့် ပင်နံ့ငရုတ် တစ်ပိဿာလျှင် ကျပ် ၃၅၀၀၀၊ ငရုတ်ပွအတောင့်ရှည် တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀ ဈေးရရှိကာ အထွက်နှုန်းကောင်းသလို ငရုတ်သီးဈေးလည်း ကောင်းသောကြောင့် တောင်သူများ အဆင်ပြေကြကြောင်း ငွေသောင်ကျေးရွာမှ ငရုတ်စိုက်တောင်သူ ကိုကျော်ကြီးက ပြောသည်။

**ဇေယျာထက်(မင်းဘူး)**

# မိုင်းခုတ်မြို့၌ ဒေသထွက် ကျွဲကောသီး(ခ)မအို့သီးများ လှိုင်လှိုင်ပေါ်၍ မိသားစုအပိုဝင်ငွေရရှိ

**မိုင်းခုတ် အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခုတ်မြို့၌ ဒေသထွက် ကျွဲကောသီး(ခ)မအို့သီးများ လှိုင်လှိုင်ပေါ်သဖြင့် မိသားစုအပိုဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း ဟိုခန့်ကျေးရွာမှ ကျွဲကောသီး(ခ)မအို့သီး တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချသူ ဦးအင်းနော်ထံက သိရသည်။

မိုင်းခုတ်မြို့၌ ကျွဲကော(ခ)မအို့ပင်များကို စီးပွားဖြစ်စိုက်ပျိုးကြခြင်းမရှိသော်လည်း မိမိနေအိမ်ခြံဝင်းအတွင်း မြေကွက်လပ်၌ အရိပ်ရပင်အဖြစ် သော်လည်းကောင်း၊ စားသုံးရန်အတွက် သော်လည်းကောင်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပြီး ဒေသထွက်ကျွဲကောသီး(ခ)မအို့သီးများသည် အရသာထူးကဲကာ အလွန်ချိုကြောင်း၊ ကြိုက်နှစ်သက်သူများပြားကြောင်းနှင့် တစ်လုံးလျှင် ငါးရာကျပ်ဖြင့် ရောင်းချကြောင်း သိရသည်။

အဆိုပါ ကျွဲကော(ခ)မအို့ပင်များသည် စိုက်ပျိုးပြီး ငါးနှစ်ခန့်အကြာတွင် စတင်အသီးသီးကြောင်းနှင့် နှစ်စဉ် ဆောင်းရာသီဝင်စအချိန်တွင် ရင့်မှည့်ကာ ခူးဆွတ်ရောင်းချရကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

# ကြက်သွန်နီဈေးနှုန်း ကောင်းလာ၍ ဆောင်းကြက်သွန်နီ စိုက်ပျိုးမှုများနိုင်



**ညောင်ဦး အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်မှ ကျေးလက်တောင်သူများ စိုက်ပျိုးထားသည့် ဆောင်းကြက်သွန်နီ (ခေါ်) လှော်ကြက်သွန်နီများ ဈေးနှုန်းမှာ အောက်တိုဘာ တတိယပတ်အတွင်း ကျပ် ၃၀၀၀ အထိ တက်လာသောကြောင့် မြို့နယ်အတွင်း ယခုနှစ်ဆောင်းကြက်သွန် စိုက်ပျိုးမှုများနိုင်ကြောင်း လဲ့ဂွကျေးရွာမှ ဆောင်းကြက်သွန်စိုက်ပျိုးသည့် တောင်သူများထံက သိရသည်။

ဆောင်းကြက်သွန်နီဈေးနှုန်းမှာ မေ၊ ဇွန်၊ ဇူလိုင်လတို့တွင် တစ်ပိဿာ ကျပ် ၂၀၀၀ မှ ၂၅၀၀ အထိ ဈေးနှုန်းမြင့်တက်ခဲ့ပြီး တောင်သူများ မျှော်လင့်သည့် ဈေးနှုန်း ဖြစ်ခဲ့ကြောင်း၊ ယခု အောက်တိုဘာလ တတိယပတ်တွင် ဈေးနှုန်းထပ်မံမြင့်တက်ခဲ့ကာ တစ်ပိဿာလျှင် ကျပ် ၃၀၀၀ အထိ ရရှိနေကြောင်း သိရသည်။

ကျောက်ပန်းတောင်း မြို့နယ်၌ ဆောင်းကြက်သွန်နီ (ခေါ်)လှော်ကြက်သွန်နီကို ကြက်မောက်တောင်ချောင်းတစ်လျှောက်နှင့် ဆည်ပတ်ဝန်းကျင် ကျေးရွာများ၊ ရေဆုံးအုပ်စုကျေးရွာများနှင့် စိတ္တိန်း၊ ကမ်းဖြူကျေးရွာများတွင် အများအပြားစိုက်ပျိုးကြသည်။ ဆောင်းကြက်သွန် တစ်သီးစိုက်ပျိုးရန် ပျိုးထောင်ချိန်မှ စိုက်ပျိုးချိန်၊ နုတ်သိမ်းချိန်ထိ အချိန်ခြောက်လကျော်ကြာမြင့်ကာ သီတင်းကျွတ်၊ တန်ဆောင်မုန်းတွင် ပျိုးထောင်၍ ပျိုးသက် ၄၅ ရက်ရှိလျှင် စိုက်ခင်းအတွင်းသို့ ရွှေ့ပြောင်းစိုက်ပျိုးကြောင်း၊ ကြက်သွန်သည် စိုက်ပျိုးသူများအတွက် ငွေကုန်ကြေးကျများသည့် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ကြောင်း မုန့်ကုန်းကျေးရွာမှ တောင်သူ ဦးမင်းညိုက ပြောသည်။

ယခင်နှစ်များက ဆောင်းကြက်သွန်နီ ဈေးနှုန်းများကျ၍ ကျောက်ပန်းတောင်းမြို့နယ်မှ တောင်သူများ သုံးနှစ်ဆက်တိုက် အရှုံးပေါ်ခဲ့သော်လည်း ယခုနှစ်တွင် တောင်သူများ မျှော်လင့်နေသည့် ဈေးနှုန်း ရရှိကြောင်း၊ ကြက်သွန်နီဈေးမှာ သီတင်းကျွတ်၊ တန်ဆောင်မုန်းလတို့တွင် ဈေးနှုန်း အမြင့်ဆုံးသို့ ရောက်ရှိတတ်သဖြင့် ယခု ဈေးနှုန်း တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ထက် ဆက်လက်မြင့်တက်နိုင်ကြောင်း ကြက်သွန်နီစိုက်ပျိုးသည့် တောင်သူများထံမှ သိရသည်။

**ဝင်းထိန်(ပြန်/ဆက်)**

## မိုးစပါးပေါ်ချိန်ဖြစ်သဖြင့် ရောင်းလိုအားများပြီး ဆန်ဈေး အနည်းငယ်အေးလာ

**ရန်ကုန် အောက်တိုဘာ ၂၂**

မိုးစပါးပေါ်ချိန်သို့ ရောက်ရှိလာပြီး ရောင်းလိုအားများပြားလာသည့်အတွက် ရန်ကုန်ဆန်ဈေးကွက်အတွင်း ဆန်ဈေးအနည်းငယ် အေးနေကြောင်း ဆန်ကုန်သည်များထံမှ သိရသည်။

"စက်တင်ဘာလကုန်လောက်က စပြီး နယ်စုံကနေ ရန်ကုန်ကို ဆန်အဝင်များလာတယ်။ ဆန်ဈေးတွေလည်း နည်းနည်းချင်း အကျဘက်ရောက်လာတယ်။ စက်တင်ဘာလကုန်က ရန်ကုန်ဈေးကွက်ကို ဆန်အိတ်ရေ ငါးသောင်းလောက် ဝင်ခဲ့တယ်ဆိုရင် အောက်တိုဘာပထမပတ်မှာဆိုရင် ဆန်အိတ် တစ်သိန်းလောက်အထိ ဝင်လာတဲ့အတွက် ဈေးက အတက်ဘက်ကို မသွားတော့တာပါ"ဟု ဘုရင့်နောင်ကုန်စည်ဒိုင်ရှိ ဆန်ကုန်သည် ဦးမြင့်ဋ္ဌေးက ပြောသည်။



"လက်လီရောင်းတဲ့ ဆိုင်ငယ်လေးတွေမှာတော့ ဆန်ဈေးက မကျသေးတာမျိုးတွေ တွေ့နေရတယ်။ ဆိုင်လေးတွေအထိလိုက်ပြီး ဈေးကွက်ထိန်းချုပ်ဖို့ကျတော့လည်း မလွယ်ဘူး ဆိုတော့လေ။ တချို့ဒိုင်ကြီးတွေမှာတောင် ဆန်အမျိုးအစားတိုင်း ဈေးကျသွားတာမျိုးတော့ မဟုတ်ပါဘူး။ ဈေးချရောင်းလို့ရတဲ့ ဆန်အမျိုးအစားတချို့ပဲ ဈေးကျသွားတာပါ။ ဈေးအေးသွားတယ်လို့ ပြောရင်တော့ ပိုမှန်တာပေါ့။ ဒေါ်လာဈေး ပြန်တက်လာတာကို စောင့်နေသူတွေလည်း ရှိပါတယ်" ဟု ဆန်ကုန်သည်က ဆက်ပြောသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်တန်ချိန် ငါးသိန်းခွဲဝန်းကျင် တင်ပို့ထားပြီး ဆန်ကွဲတန်ချိန် ၄၃၀၀၀၀ ကျော်လည်း တင်ပို့ထားကြောင်း မြန်မာဆန်စပါးအသင်းချုပ်မှ သိရသည်။

**နန်းထက်ထက်ချစ်**

## မေတ္တာမြို့၌ ဝဥဈေးကျနေ၍ ဈေးကောင်းရရန် တောင်သူများ မျှော်လင့်နေ

**ထားဝယ် အောက်တိုဘာ ၂၂**

ယခုနှစ်တွင် ယခင်နှစ်များထက် ဝဥဈေးနှုန်း လျော့ကျနေသဖြင့် တနင်္သာရီတိုင်းဒေသကြီး မေတ္တာမြို့မှ ဝဥစိုက်ပျိုးလုပ်ကိုင်သူများ အနေဖြင့် ဝဥဈေးကောင်းရရှိရေး မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ဝဥ ဧက ၃၀ စိုက်ပျိုးထားသည့် တောင်သူတစ်ဦးက "တစ်ဧကမှာ ဝဥမျိုးဥ တစ်သိန်းကျော်ဆံ့ပါတယ်။ ဧက ၃၀ စိုက်ပျိုးထားတာပါ။ စတင်စိုက်ပျိုးတဲ့ အချိန်ကစပြီး သုံးနှစ်အကြာမှာ စိုက်ပျိုးထားတဲ့အပင်တွေ ငိုက်ကျ(အပင်ညှိုးကျ) လာပြီးတော့ စပြီးတူးဖော်လို့ရပါပြီ။ ဝဥရဲ့ လုံးပတ်အရွယ်အစား အကြီးဆုံး တစ်ပိဿာလောက်ဆိုရင် ရောင်းချလို့ရပါပြီ။ ဝဥမျိုးတွေကို စိုက်ပျိုးတဲ့အခါမှာ မြေဩဇာအသုံးမပြုဘဲ သဘာဝမြေအစိုဓာတ်နဲ့ စိုက်ပျိုးထားတာပါ။ ဓာတုဆေးဝါးတွေလည်း လုံးဝမသုံးစွဲထားပါဘူး"ဟု ပြောသည်။

မေတ္တာမြို့မှ စိုက်ပျိုးထွက်ရှိသော ဝဥများကို ထားဝယ်မြို့သို့ ကုန်ကားများဖြင့် တင်ပို့ရောင်းချလျက်ရှိကာ ပြီးခဲ့သည့်နှစ်များက ဝဥဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၁၀၀၀ ကျော် ဈေးရရှိရာမှ ယခုနှစ်တွင် ကျပ် ၇၀၀ သာရရှိသဖြင့် တောင်သူများအနေဖြင့် ဝဥများ ဈေးကောင်းရရှိလာရန် မျှော်လင့်နေကြခြင်းဖြစ်သည်။

**ငွေဇင်ယော်(ထားဝယ်)**

## အုတ်တွင်းမြို့နယ်၌ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အသိပညာပေးသင်တန်း (၁၀/၂၀၂၂)ဖွင့်လှစ်

**အုတ်တွင်း အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်း ရေအသုံးချသူအဖွဲ့များမှ အဖွဲ့ဝင်တောင်သူများ စိုက်ပျိုးရေးအသိပညာ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ရေအသုံးချသူအဖွဲ့ ၂၃ ဖွဲ့အား အသိပညာပေး သင်တန်းကို အောက်တိုဘာ ၂၁ ရက်က ဟင်းငုတ်ပင် ဆည်မြောင်းရုံးဝင်း ဧည့်ရိပ်သာ၌ ဖွင့်လှစ်သည်။



သင်တန်းတွင် တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုးက အမှာစကားပြောကြားပြီး ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ခရိုင်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ခရိုင် စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်စက်မှုလယ်ယာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဆည်ရေစီမံခန့်ခွဲရေး၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် လယ်ယာမြေ ဥပဒေ၊ သီးနှံအထွက်တိုးရေး၊ နည်းပညာနှင့် စနစ်ကျ လယ်ယာမြေ ဖော်ထုတ်ခြင်းတို့ကို သက်ဆိုင်ရာ ရုံးဌာနအလိုက် သင်တန်းပို့ချခဲ့သည်။

အဆိုပါ သင်တန်းသို့ ခပေါင်းဆည်ရေသောက်၊ ချောင်းမကြီးဆည်ရေသောက်၊ ဆွာချောင်းဆည်ရေသောက်၊ ပဲချက်ကုန်းစက်ရေတင်၊ ပသိဆည်ရေသောက်၊ ကမ်းနီဆည်ရေသောက်၊ မင်းရဲဆည်ရေသောက်၊ ရေသိုးဆည်ရေသောက်၊ သဖန်းပင်စက်ရေတင်တို့မှ ရေအသုံးချသူအဖွဲ့များ၏ ခေါင်းဆောင် ၂၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အေမင်းရည်စော (ပြန်/ဆက်)**

## တစ်ရှူးငှက်ပျောပင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချခြင်းဖြင့် မြင်းမူမြို့နယ်မှ တောင်သူများ ဝင်ငွေပိုမိုရရှိနေ

**မြင်းမူ အောက်တိုဘာ ၂၂**

စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်းရှိဒေသခံတောင်သူများသည် တစ်ရှူးငှက်ပျောပင်များကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချခြင်းဖြင့် အခြားသီးနှံများထက် အမြတ်ငွေ ပိုမိုရရှိလျက်ရှိကြောင်း တစ်ရှူးငှက်ပျော စိုက်ပျိုးရောင်းချသူများထံမှ သိရသည်။

တစ်ရှူးငှက်ပျောပင်ကို မိမိမြေအကျယ်အဝန်းပေါ် မူတည်ကာ ပင်ခြားတန်းခြား ၁၀ ပေ ထား၍ စိုက်ပျိုးနိုင်ကြောင်း၊ စိုစွတ်သော မြေအနေအထားကို ကြိုက်သော်လည်း ရေဝပ်မြေကို မနှစ်သက်ကြောင်း၊ စိုက်ပျိုးစရိတ် အလွန်သက်သာကြောင်း၊ စိုက်ပျိုးပြီး ရှစ်လအကြာတွင် ပင်မကြီးမှ အသီးများ စတင်ရရှိပြီး ခူးယူရောင်းချနိုင်ကာ ပင်ပွားအတက်မှ နောက်ထပ် လေးလအကြာတွင် အသီးများ ဆက်သီးလာကြောင်း၊ မြေဩဇာအဖြစ် နွားချေးကိုသာ အသုံးပြုရ၍ ကုန်ကျစရိတ် အလွန်သက်သာ သောကြောင့် မိမိတို့ခြံဝင်း မြေကွက်လပ်တွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် မိသားစုအတွက် အပိုဝင်ငွေ ရရှိနိုင်မည်ဖြစ်ကြောင်း တစ်ပိုင်တစ်နိုင် တစ်ရှူးငှက်ပျော စိုက်ပျိုးနေသူ ဦးတင်အောင်က ပြောသည်။

ငှက်ပျောသီး ထွက်ရှိမှု အနေဖြင့် ငှက်ပျောတစ်ခိုင်လျှင် အဖီး ၁၀ ခန့် ရရှိပြီး တစ်ဖီးလျှင် အလုံး ၄၀ ပါရှိကြောင်း၊ လက်ရှိတွင် တစ်ဖီးလျှင် ငွေကျပ် ၁၅၀၀ ဈေးနှုန်းဖြင့် ရောင်းချရသဖြင့် ငှက်ပျောတစ်ပင်မှ ဝင်ငွေ ကျပ် ၄၅၀၀၀ အထိ ရရှိနိုင်ပြီး စားသုံးသူများ နှစ်သက်သည့်အတွက် တောင်သူများအနေဖြင့် ပိုမိုစိုက်ပျိုးလာကြကြောင်း သိရသည်။

**အောင်စိုးဖေ (မြင်းမူ)**



# ကချင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME) လုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ဖြည့်ဆည်းပေါင်းစပ်ပေးရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား အောက်တိုဘာ ၂၂**

ကချင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်နယ်အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဝင်များနှင့် MSMEs စီးပွားရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၁ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။ (ယာပုံ)



လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စနစ်တကျဖြင့် အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ MSMEs လုပ်ငန်းများသည် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေသည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်ရေးအတွက် များစွာအရေးပါသည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဒေသတွင်း MSMEs လုပ်ငန်းများ ရေရှည်ခိုင်မာအားကောင်းလာစေပြီး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးရမည့် လုပ်ငန်းများအပေါ် ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးမှူးများက ပြည်နယ်အတွင်း MSMEs လုပ်ငန်းများအတွက် SME Member Card များ ခွင့်ပြုထုတ်ပေးထားမှု အခြေအနေများ၊ လုပ်ငန်းများ ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးအတွက် ချေးငွေရရှိမှုအခြေအနေများ၊ နည်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး စီးပွားရေးလုပ်ငန်းရှင်များက ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည့်ကိစ္စရပ်များ၊ ချေးငွေလိုအပ်ချက်နှင့် ထုတ်ကုန်ပစ္စည်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ဈေးကွက်ရရှိရေးစသည့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ကချင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အေဂျင်စီအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများတွင် အသေးစားလုပ်ငန်းအတွက် ၄၃၁ ခု၊ အလတ်စားလုပ်ငန်းအတွက် ၁၉ ခု၊ ရောင်းဝယ်မှုလုပ်ငန်းများတွင် အသေးစားလုပ်ငန်းအတွက် ၂၀၄ ခု၊ အလတ်စားလုပ်ငန်းအတွက် ၃၀၊ ဝန်ဆောင်မှုနှင့် အခြားလုပ်ငန်းများတွင် အသေးစားလုပ်ငန်း အတွက် ၁၂၈ ခု၊ အလတ်စားလုပ်ငန်းအတွက် ၁၇ ခုတို့ဖြင့် စုစုပေါင်း MSMEs လုပ်ငန်းပေါင်း ၈၂၉ ခုတို့အတွက် SME Member Card များ ခွင့်ပြုထုတ်ပေးထားပြီးဖြစ်ကြောင်းနှင့် လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးရေးအတွက် ပြည်တွင်းသင်တန်း ၅၈ ကြိမ်နှင့် ပြည်ပသင်တန်း သုံးကြိမ်သို့ တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးကြောင်း ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ သိရသည်။

ပြည်နယ်
(ပြန်/ဆက်)

## လက်ရည်စစ်ဂေါက်ရိုက်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ပူးပေါင်းစီစဉ်သည့် လက်ရည်စစ် ဂေါက်ရိုက်ပြိုင်ပွဲကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၊ ၄ ရက်တွင် ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တည်းကုန်း)၌ ကျင်းပမည်ဖြစ်သည်။

လက်ရည်စစ်ဂေါက်ရိုက်ပြိုင်ပွဲတွင် Tour Pro၊ Senior Pro နှင့် Teaching Pro ဟူ၍ သုံးမျိုးခွဲ၍ ကျင်းပမည်ဖြစ်သည်။ လက်ရည်စစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကစားသမားများအနေဖြင့် နှစ်ရက်ပေါင်း ရိုက်ချက် ၁၅၂ ချက်ရရှိပါက Tour Pro အဆင့်၊ ၁၅၈ ချက်ရရှိပါက Teaching Pro အဆင့်နှင့် ၁၆၂ ချက်ရရှိပါက Senior Pro အဆင့်တို့အတွက် လက်ရည်စစ်ပွဲအောင်မြင်မည်ဖြစ်ပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိမည်ဖြစ်သည်။ ကစားသမားများသည် နိုဝင်ဘာ ၃၊ ၄ ရက်တွင် ရိုက်ချက်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး နိုဝင်ဘာ ၅ ရက်တွင် အခြေခံဂေါက်သီးစည်းမျဉ်းများ ရှင်းလင်းခြင်းနှင့် ဖြေဆိုခြင်းပြုလုပ်ရမည်ဖြစ်သည်။

လက်ရည်စစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူ အမျိုးသားကစားသမားများသည် ဝါသနာရှင်အဆင့် (H'Cap 0–12) ရှိရမည်ဖြစ်ပြီး Senior Professional အတွက်ကိုမူ ပြိုင်ပွဲကျင်းပမည့်နေ့တွင် အသက် ၅၀ ပြည့်ပြီးသူများသာ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ လက်ရည်စစ်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီနောက်ဆုံး၍ ဖုန်း– ၀၉ ၄၂၁၀၀၂၂၅၉ သို့ အမည်စာရင်းများ ပေးသွင်းနိုင်ပြီး ဝင်ကြေးအဖြစ် ငွေကျပ်ခြောက်သောင်း သတ်မှတ်ထားသည်။ **ကိုညီလေး**

## တန်းဆင်းဇုန်မှ နော်တင်ဟမ်တို့ ရုန်းအားကြောင့် လီဗာပူးတို့ ရှုံးပွဲတွေ့

တန်းဆင်းဇုန်အတွင်းမှ နော်တင်ဟမ်ဖောရက်စ်နှင့် လီဗာပူးတို့၏ ပရီမီယာ လိဂ်ပွဲစဉ် (၁၃) ကို အောက်တိုဘာ ၂၂ ရက် ညပိုင်းက အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ နော်တင်ဟမ်တို့ ရုန်းအားကြောင့် လီဗာပူးတို့ တစ်ဂိုး – ဂိုးမရှိဖြင့် ရှုံးခဲ့သည်။

ယခုပွဲစဉ်တွင် လီဗာပူးအသင်းသည် နော်တင်ဟမ်အသင်းကို ပွဲချိန်အများစု ဖိအားပေးကစားနိုင်ခဲ့သော်လည်း ရရှိလာသည့် အခွင့်အရေးများကို အသင်းကစားသမားများ အဆုံးမသတ်နိုင်ခဲ့သဖြင့် နိုင်ပွဲနှင့် ဝေးကွာခဲ့ရသည်။ ယခုနှစ်ရာသီတွင် ပုံစံကောင်း ပျောက်ဆုံးနေသည့် လီဗာပူးအသင်းသည် ယခုပွဲရှုံးနိမ့်မှုကြောင့် လိဂ် ၁၁ ပွဲကစားပြီး ရှုံးပွဲ သုံးပွဲအထိ ရှိလာပြီဖြစ်သည်။

နော်တင်ဟမ်အသင်း ယခုပွဲအနိုင်ရရှိမှုကြောင့် ယခုနှစ်ရာသီ ဒုတိယမြောက် နိုင်ပွဲရရှိခဲ့ပြီး တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်ရန် အခွင့်အရေးကောင်း ပိုင်ဆိုင်ခဲ့သည်။ ထိုးဖောက် တိုက်စစ်ဆင်မှုများနှင့် ဂိုးကန်သွင်းမှုများကို လီဗာပူးအသင်းက အကြိမ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး နော်တင်ဟမ်ဂိုးသမား ဟန်ဒါဆင် လက်စွမ်းပြ ကာကွယ်ခဲ့သည်။ နော်တင်ဟမ်အသင်း၏ ရံဖန်ရံခါ ထိုးဖောက် တိုက်စစ်ဆင်မှုကလည်း လီဗာပူးခံစစ်၊ ဂိုးသမားတို့ အခက်တွေ့စေခဲ့သည်။

ယခုပွဲစဉ်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၅၅ မိနစ် တွင် အယိုနီရီက သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်များတွင် အဲဗာတန်က ပဲလေ့စ်ကို သုံးဂိုး– ဂိုးမရှိ၊ မန်စီးတီးက ဘရိုက်တန်ကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရသည်။ **အောင်ဇော်**





ရန်ကုန်အသင်းနှင့် အား/ကာသိပ္ပံအသင်း ယှဉ်ပြိုင်နေစဉ်။

## MNL ပြိုင်ပွဲ၌ အား/ကာသိပ္ပံကို ရန်ကုန်အသင်း အနိုင်ယူ

**ရန်ကုန် အောက်တိုဘာ ၂၂**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၇) ပထမနေ့အဖြစ် ရန်ကုန်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ အောက်တိုဘာ ၂၂ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရန်ကုန်အသင်းက သုံးဂိုးပြတ်အနိုင်ရခဲ့သည်။

ရန်ကုန်အသင်းသည် ဒုတိယနေရာအတွက် နိုင်ပွဲပြန်လည်ရယူခဲ့သလို ချန်ပီယံမျှော်လင့်ချက်အတွက်လည်း ရှမ်းယူနိုက်တက်အသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ဒုတိယအကျော့တွင် ခြေစွမ်းပိုင်း မတည်ငြိမ်သေးသည့် အား/ကာသိပ္ပံအသင်း ရှုံးပွဲပြန်လည်ကြုံတွေ့ခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ရန်ကုန်အသင်းသည် ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့သည်။ ၁၇ မိနစ်တွင် ရန်ကုန်အသင်း ဂိုးစတင်ရရှိခဲ့ပြီး ထက်ဖြိုးဝေက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်း ကစားပုံ ပိုကောင်းလာပြီး ၂၉ မိနစ်တွင် သူရိန်စိုးနှင့် ၄၄ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဂျူနီယာတို့က သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် အား/ကာသိပ္ပံအသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ရန်ကုန်အသင်းက ထိန်းကစားသွားခဲ့သည်။ ယခုပွဲအပြီးတွင် ရန်ကုန်အသင်းက ၁၅ ပွဲကစား ရမှတ် ၃၂ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၅ ပွဲကစား ရမှတ် ၂၁ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၇) ဒုတိယနေ့အဖြစ် အောက်တိုဘာ ၂၃ ရက် **(ယနေ့)** တွင် ရတနာပုံအသင်းနှင့် မဟာယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ– MNL**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် သန်လျင်ခရိုင်အတွင်းမှ နေကြာစိုက်တောင်သူများသို့ မျိုးစေ့ပေးအပ်ပွဲ တက်ရောက်ချီးမြှင့်

**သန်လျင် အောက်တိုဘာ ၂၂**
သန်လျင်ခရိုင်အတွင်းရှိ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့နယ်များအတွင်း နေကြာသီးနှံစိုက်ပျိုးမည့် တောင်သူများထံ ရေဆင်း(၁) စပ်မျိုး နေကြာသီးနှံ မျိုးစေ့အိတ်များနှင့် သွင်းအားစုမြေဩဇာအိတ်များ ဖြန့်ဖြူးခြင်းအခမ်းအနားကို ယမန်နေ့က သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာရှင်းသန့်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တက်ရောက်သည်။

ဦးစွာ သန်လျင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်သိုက်ဝင်းက ခရိုင်အတွင်းရှိ မြို့နယ်များမှ နေကြာသီးနှံလျာထားချက်ဧက ၁၆၄၉ ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က နေကြာစိုက်တောင်သူများအနေဖြင့် လုပ်မှုစီးပွားဘဝ တိုးတက်မြင့်မားရေးနှင့် နေကြာစိုက်ပျိုးခြင်းကို နိုင်ငံတော်အစိုးရက အားပေးကူညီလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သန်လျင်၊ ကျောက်တန်းမြို့နယ်မှ စံပြစိုက်ကွက်စိုက်ပျိုးမည့် တောင်သူများအား နေကြာသီးနှံ မျိုးစေ့အိတ်များကို လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများက သုံးခွ၊ခရမ်းမြို့နယ်မှ စံပြစိုက်ကွက်တောင်သူများသို့ လည်းကောင်း၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဆွေနှင့် သန်လျင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့က သက်ဆိုင်ရာ မြို့နယ်များအား နေကြာသီးနှံမျိုးစေ့အိတ်များနှင့် သွင်းအားစုမြေဩဇာအိတ်များ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက နေကြာသီးနှံ စိုက်ပျိုးရေးနှင့် ပတ်သက်၍ တောင်သူများ သိရှိလိုက်နာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ပြခန်းအတွင်း ခင်းကျင်းပြသထားသော တောင်သူအသိပညာပေး ခေတ်မီလယ်ယာသုံး စက်ကိရိယာနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စိုက်ပျိုးရေးအသိပညာပေး ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။ ထို့နောက် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာတွင် ဧက ၅၀ ရေဆင်းစပ်မျိုး (၁) စံပြစိုက်ခင်းသို့ ကွင်းဆင်းကြည့်ရှုအားပေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၂
**ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ရွှေမြိုင်ကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ရန်အောင်မြင်တိုက်သစ်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာသုဗောဓာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ထူပါဇေယျုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တိပိဋက စိန်ရွှေဖူးကျောင်းတိုက်၊ မြောက်ဥက္ကလာပ မြို့နယ်ရှိ အောင်ရာဇာ ပရိယတ္တိစာသင်တိုက်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ကျွန်းကလေး ပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ သစ္စာရောင်ခြည်ကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မြောက်ဥယျာဉ်တိုက်သစ်ကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ သာသနာပိုင်မဟာအောင်မြေကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ မဟာသုမနာရာမကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ မဟာဓမ္မိကာရာမကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော် သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။**သတင်းစဉ်**

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

**အမ်း အောက်တိုဘာ ၂၂**
ရခိုင်ပြည်နယ် အမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် အသိပညာပေးနံရံကပ်စာစောင်ပြပွဲကို ယမန်နေ့က ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ဦးစီးအရာရှိ ဦးစန်းဝင်းက ကလေးအလုပ်သမားဖြစ်ပေါ်ရသည့် အကြောင်းအရင်းများ၊ မြန်မာနိုင်ငံရှိ ကလေးအလုပ်သမားများအရေအတွက်နှင့် ကလေးအလုပ်သမားများတွေ့ရှိနိုင်သည့်အခြေအနေများ၊ ကလေးအလုပ်သမား၏အသက်အရွယ်၊ ကလေးအလုပ်သမားပပျောက်ရေးအတွက် ဥပဒေရေးရာနှင့်ပတ်သက်ပြီး ဆောင်ရွက်ပေးနေမှုများနှင့် ကလေးသူငယ်များကို အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း စသည့်အကြောင်းအရာများကို ဆွေးနွေးဟောပြောသည်။

ဆက်လက်ပြီး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များကို အများပြည်သူများ ဖတ်ရှုလေ့လာနိုင်ရေး ပြသဆောင်ရွက်ထားရှိရာ လူငယ်များက စိတ်ပါဝင်စားစွာဖြင့် လေ့လာဖတ်ရှုကြကြောင်း သိရသည်။ **စိုးမင်းထွန်း(ပြန်/ဆက်)**



# နယ်စပ်ရေးရာဝန်ကြီးဌာနက မိုင်းပန်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းအား ထောက်ပံ့လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၂**
နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ်အတွင်း ဆွမ်း ကွမ်းခက်ခဲသည့် ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်း ကွမ်းအခက်အခဲမရှိစေရေးနှင့် အခြားဘာသာရေးကိစ္စများ အဆင်ပြေစေရေးအတွက် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများအား ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မိုင်းပန်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်မျိုးအောင်နှင့် ဝန်ထမ်းများသည် မိုင်းပန်မြို့နယ် ကျောင်းထမ့် ၃ မိုင် ဘုန်းတော်ကြီးကျောင်းတိုက်ရှိ ရဟန်း၊ သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲတို့ကို သွားရောက်ဆက်ကပ်လှူဒါန်းသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့ နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် အခြားဘာသာရေးကျောင်းများသို့လည်း ဆက်လက်ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးပညာရေးဒီဂရီကောလိပ်၌ လူငယ်ရေးရာဆွေးနွေးပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၂၂**
အနာဂတ်မြန်မာနိုင်ငံရဲ့ တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူဆောင်ရွက်ကြမည့် လူငယ်များအနေနှင့် ကျန်းမာကြံ့ခိုင်မှု၊ အရည်အချင်းပြည့်ဝမှု၊ ဉာဏ်ပညာထက်မြက်မှု၊ လူမှုပေါင်းသင်းဆက်ဆံရေးကောင်းမွန်မှု၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့သားကောင်းလူငယ်လူရွယ်များ ဖြစ်ပေါ်စေရန်အတွက် ရည်ရွယ်ကာ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆရာအတတ်ပညာဦးစီးဌာန မန္တလေးပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်းကာ လူငယ်ရေးရာ ဆွေးနွေးပွဲကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက မန္တလေးပညာရေးဒီဂရီကောလိပ် ပညာတန်ဆောင်ခန်းမ၌ ကျင်းပသည်။

လူငယ်ရေးရာဆွေးနွေးပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက လူငယ်ရေးရာ ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မန္တလေးပညာရေးဒီဂရီကောလိပ်မှ သင်တန်းသားများက လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှု၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် မျိုးချစ်စိတ်ဓာတ်၊ လူငယ်နှင့် ပြည်သူ့နီတိ၊ လူငယ်နှင့် နည်းပညာ၊ လူငယ်များအတွက် သင်ယူမှုသင်ယူခွင့် ဖန်တီးပေးရေးစသည့်ကဏ္ဍများကို ဆွေးနွေးသည်။

အဆိုပါ လူငယ်ရေးရာဆွေးနွေးပွဲနှင့်အတူ အသိပညာပေး နံရံကပ်စာစောင်များ ခင်းကျင်းပြသခြင်း၊ စာအုပ်စာစောင် ခင်းကျင်းပြသခြင်း ဆောင်ရွက်ရာ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ကြောင်း သိရှိရသည်။

**ထွန်းထွန်းနိုင်**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# မြစ်ကြီးနားနှင့် ပူတာအိုခရိုင်ရှိ ကြွက်ဘေးသင့်ပြည်သူများအား ဆန်နှင့် အခြေခံစားကုန်များ ထောက်ပံ့

မြစ်ကြီးနား အောက်တိုဘာ ၂၂

**ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်နှင့် ပူတာအိုခရိုင်တို့တွင် ယခုနှစ် ဩဂုတ်လအတွင်း ကြွက်ဘေးအန္တရာယ် ကျရောက်မှုကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူများအား ဆန်ရိက္ခာနှင့် အခြေခံစားသောက်ကုန်များကို မြစ်ကြီးနားမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနောင်ခန်းမ၌ အောက်တိုဘာ ၂၀ ရက်က ထောက်ပံ့ပေးသည်။**



ထောက်ပံ့ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်အတွင်း ကြွက်ဘေးအန္တရာယ်ကြောင့် ဒေသခံတောင်သူများ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအခက်အခဲများစွာ ကြုံတွေ့ခဲ့ရသဖြင့် ပြီးခဲ့သည့် ဩဂုတ်လနှင့် အောက်တိုဘာလတွင် မြစ်ကြီးနားခရိုင်နှင့် ဆွမ်ပရာဘွမ်မြို့နယ်အတွင်းရှိ တောင်သူ ၂၅၅ ဦး အတွက် ဆန်အိတ် ၂၅၅ အိတ်ကို ထောက်ပံ့ခဲ့ကြောင်း၊ ယနေ့တွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ချိန်ရိန်တောင်ကုမ္ပဏီတို့က ဆန်ရိက္ခာနှင့် အခြေခံစားသောက်ကုန်များကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး ချိန်ရိန်တောင်ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးဟန်စိုးက ကြွက်ဘေးသင့်ပြည်သူများအား ဆန်ရိက္ခာများထောက်ပံ့လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်လှကေသီမာနှင့် ချိန်ရိန်တောင်ကုမ္ပဏီ မန်နေးဂျင်းဒါရိုက်တာတို့က ကြွက်ဘေးသင့်ခဲ့သည့် မြစ်ကြီးနားခရိုင်အတွင်း တီယန်ဇွတ်နှင့် အင်ဂျစ်ယန်ကျေးရွာ၊ အင်ဂျန်းယန်မြို့နယ်အတွင်းရှိ ဘွမ်နင်ယန်ကျေးရွာတို့မှ အိမ်ထောင်စု ၁၂၅ စု၊ ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့နယ်အတွင်းရှိ ဘွပ်ခါး၊ ကဝါးပန်၊ ခကရန်းယန်၊ မိုင်ထောင်း၊ ဇနန်ခါ၊ အင်ဂေါမကျေးရွာတို့မှ အိမ်ထောင်စု ၁၄၉ စု စုစုပေါင်းအိမ်ထောင်စု ၂၇၄ စုတို့အတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တစ်လစာ ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် ၁၄၀၅၈၀၀၀ နှင့် ချိန်ရိန်တောင်ကုမ္ပဏီမှ ဆွမ်ပရာဘွမ် မြို့နယ်အတွင်းရှိ ကြွက်ဘေးသင့်ပြည်သူများအတွက် ကျပ် ၂၂၅ သိန်းတန်ဖိုးရှိဆန်၊ ဆီ၊ ဆားနှင့်အခြေခံစားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)

# ခရိုင်သုံးခုပေါင်း၌ ရှာဖွေကယ်ဆယ်ရေးသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီးအတွင်း မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းကို ချမ်းမြသာစည်မြို့နယ်ရှိ ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ဖွင့်လှစ်သင်ကြားပေးနေကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

"မီးသတ်နဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေ၊ မိတ်ဖက်ပရဟိတအဖွဲ့အစည်းတွေက စိတ်ပါဝင်စားသူတွေ တက်ရောက်ကြတယ်။ ရှာဖွေကယ်ဆယ်ရေးနည်းပညာတွေကို ပြန်လည်မျှဝေပေးနိုင်တဲ့အတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို အချိန်နဲ့တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ပေးနိုင်မှာပါ။ ပြည်သူလူထုအတွက် များစွာအထောက်အကူပြုမှာပါ။ မန္တလေးတိုင်းက စုဖွဲ့ထားတဲ့ နည်းပြတွေနဲ့ စာတွေ့လက်တွေ့ သင်ကြားပေးသွားမှာပါ။ သင်တန်းနဲ့ ပတ်သက်ပြီး ဆန်းစစ်တာတွေ လုပ်သွားမှာပါ" ဟု တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက ပြောသည်။

သင်တန်းကာလမှာ အောက်တိုဘာ ၁၇ ရက်မှ ၃၀ ရက်အထိဖြစ်ပြီး သင်တန်းတွင် မီးဘေးအပါအဝင်အခြားသောဘေးအန္တရာယ်များအကြောင်း၊ မီးသတ်တပ်ဖွဲ့၏ အခန်းကဏ္ဍနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်များ၊ အခြေခံကြိုးချည်နည်းစနစ်၊ ကြိုးအသုံးပြု၍ ကယ်ဆယ်ခြင်း၊ ခေတ်မီ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကိုင်တွယ်ထိန်းသိမ်းအသုံးပြုခြင်း၊ အသက်ရှူကိရိယာအသုံးပြုခြင်းနှင့် အမှောင်ထုအတွင်း လှုပ်ရှားသွားလာခြင်း၊ ရေတွင်းအသက်ကယ်ဆယ်ရေး၊ တောင်ပေါ်အသက်ကယ်ရေး၊ အဆောက်အအုံပြိုကျမှု ရှာဖွေကယ်ဆယ်ရေး၊ ယာဉ်မတော်တဆမှုများအကြောင်း၊ အခြေခံအသက်ကယ်နည်းစနစ်နှင့် လူနာသယ်ဆောင်နည်းများအပြင် သင်တန်းသားများ၏ သက်ဆိုင်ရာဒေသအတွင်း ဖြစ်ပွားကြုံတွေ့နိုင်သော ဘေးအန္တရာယ်အမျိုးအစားအလိုက် လိုအပ်သည့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ သင်ခန်းစာများကို ကျွမ်းကျင်နည်းပြများက သင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၂ ခုနှစ်တွင် ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းကို မိတ္ထီလာခရိုင်၌ စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ မဟာအောင်မြေ၊ အောင်မြေသာစံနှင့် အမရပူရခရိုင်သုံးခုပေါင်း၌ ဖွင့်လှစ်ခြင်းဖြစ်သည်။ ဆက်လက်၍ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ ရမည်းသင်းခရိုင် စသည်ဖြင့် ကျန်ခရိုင်များတွင်လည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အခြားရုတ်တရက် ဖြစ်ပွားတတ်သည့် ဘေးအန္တရာယ်ကျရောက်မှုဖြစ်စဉ်များတွင် အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့ကြီးများတွင် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို ဖွဲ့စည်းပေးထားကြောင်း သိရသည်။

မောင်အေးချမ်း

# ကျေးရွာစက်ရေတွင်း ချို့ယွင်းပျက်စီးမှုကို ပြန်လည်ပြုပြင်ပေး

**ညောင်ဦး အောက်တိုဘာ ၂၂**

ညောင်ဦးမြို့နယ် မကျည်းစောက်ကျေးရွာ၌ ဒေသခံပြည်သူများ သောက်သုံးရေအတွက် မှီခိုအားထားနေရသည့် စက်ရေတွင်းမှာ ချို့ယွင်းပျက်စီးသွားပြီး ရေအခက်အခဲကြုံတွေ့နေရသဖြင့် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် အရှင်သာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတရေလှူအဖွဲ့က ပြန်လည်ပြုပြင်ပေးခဲ့သည်။

မကျည်းစောက်ကျေးရွာတွင် အိမ်ထောင်စု ၂၀၀ ကျော်ရှိပြီး လူဦးရေ ၈၀၀ နီးပါးခန့် နေထိုင်လျက်ရှိကာ အဆိုပါစက်ရေတွင်းကိုသာ မှီခိုအားထားပြုနေရသဖြင့် ဖြူစင်မေတ္တာနှင့် သုမင်္ဂလာ ပရဟိတရေလှူအဖွဲ့က ရန်ကုန်မြို့မှ အလှူရှင် ဦးရှိန်းထက်မိသားစု၏ မတည်ငွေဖြင့် ပြုပြင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ စက်ရေတွင်းမှာ ကောင်းမွန်သွားပြီဖြစ်၍ ဒေသခံကျေးလက်နေ ပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာသုံးစွဲခွင့်ရရှိသွားပြီဖြစ်ကြောင်းနှင့် ယခုပြုပြင်လှူဒါန်းပေးသည့် စက်ရေတွင်းမှာ ညောင်ဦးမြို့နယ်အတွင်း (၂၂)ကြိမ်မြောက် လှူဒါန်းပေးခြင်းဖြစ်ကြောင်း ဆရာတော်၏ မိန့်ကြားချက်အရ သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)



# MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ကော့သောင်း အောက်တိုဘာ ၂၂**

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာအလုပ်သမားများ စေလွှတ်ရေးလုပ်ငန်းစဉ်အရ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်ရန် မြန်မာအလုပ်သမား ၅၀ သည် ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် အောက်တိုဘာ ၁၉ ရက်က ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ မြန်မာအလုပ်သမားများအား ပြည်ပအလုပ်အကိုင်အကျိုးဆောင်(ထိုင်း) လိုင်စင်ရအေဂျင်စီတစ်ခုဖြစ်သည့် Myanmar Express Link ကုမ္ပဏီလီမိတက်က ထိုင်းနိုင်ငံရှိ Chicony Electronics (Thailand) ကုမ္ပဏီလီမိတက်သို့ ပို့ဆောင်ခြင်းဖြစ်ပြီး အမျိုးသားအလုပ်သမား ၁၀ ဦးနှင့် အမျိုးသမီးအလုပ်သမား ၄၀ စုစုပေါင်းအလုပ်သမား ၅၀ အား နှစ်နှစ်စာချုပ်ဖြင့် အလုပ်လုပ်ကိုင်နိုင်ရန် တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်သည်။ ရန်ကုန်မြို့မှတစ်ဆင့် ကော့သောင်းမြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ခေါ်ယူခဲ့ပြီး ကော့သောင်းအပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်မှတစ်ဆင့် ရေလမ်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးခြင်းဖြစ်သည်။

သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများအား ကော့သောင်းခရိုင် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တာဝန်ရှိ အဖွဲ့အစည်းများက လို့အပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြပြီးနောက် အလုပ်အကိုင်ကုမ္ပဏီ တာဝန်ရှိသူများက ထိုင်းနိုင်ငံရှိ အလုပ်လုပ်ကိုင်မည့်ကုမ္ပဏီသို့ စနစ်တကျ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)



# ရန်ကင်းမြို့နယ်၌ မိုးရာသီ အခြေခံမြန်မာ့သိုင်းသင်တန်းဆင်း

**ရန်ကင်း အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် မိုးရာသီ အခြေခံမြန်မာ့သိုင်းသင်တန်းဆင်းပွဲကို အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ အောက်တိုဘာ ၂၀ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးဌေးလွင်က အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများက မြန်မာ့သိုင်းသရုပ်ပြခြင်း၊ Fitness Dance အဖွဲ့က အကသရုပ်ပြခြင်းတို့ကို ပြုလုပ်၍ တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် နည်းပြများနှင့် သရုပ်ပြအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့သည်။

ရဲမင်းဟန်(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၂

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်း နိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် မြစ်ကိုင်းကျေးရွာနေ ရာဇာ(ခ) သူရိန်ဝင်းသည် ၎င်းအသုံးပြုသည့် “Yar Zar” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြို့မတောင် ရပ်ကွက်နေသူများဖြစ်သည့် သူရိန် (ခ) သူရိန်စိုး(ခ) ဒီနေစပ်နှင့် ကျော်သူဟိန်း(ခ) ထွန်းဖေ တို့ နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် “Thu Rein Soe” Facebook Page နှင့် “Thi Ha Zaw” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ အမှတ်(၁၀) ရပ်ကွက်နေ ခိုင်သဇင်(ခ) ဝိုင်းသည် ၎င်းအသုံးပြုသည့် “Wine” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၁ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဗန်းမော်မြို့နယ် စီအင်ကျေးရွာအုပ်စု စီအင်ကျေးရွာနေ ဝင်းမောင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်း ရပ်ကွက် အောင်မင်္ဂလာ အဝေးပြေးကားဝင်း တောင်ကြီးလမ်းနှင့် ဥဿာလမ်းဆုံတွင် ထွန်းစိုးပြေဦး (ခ)စိုးပြေဦး ကို မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် အောင်မင်္ဂလာ အဝေးပြေးကားဝင်း ဥဿာလမ်းမပေါ်ရှိ စားသောက်ဆိုင်ရှေ့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချခိုင်းသူ မသန္တာဦး(ခ) ဘုတ်ပွ နှင့် မနော်ယဉ်ယဉ်ထူး(ခ)ယဉ်ယဉ်ထူး တို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်လင်မြို့နယ် ပန်ပိုးကျေးရွာအုပ်စု ဟိုတင့် ကျေးရွာအနီး လှိုင်လင်-တောင်ကြီးသွား ကားလမ်းတွင် ဘုန်းမြတ်စိုး မောင်နှင့်ပြီး မျိုးနေဇာ နှင့် မစုစုငြိမ်း(ခ) စုစုတို့ လိုက်ပါလာသည့် Mark-II အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ် ၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၇ နာရီခွဲတွင် ပင်လုံမြို့ အမှတ်(၁)ရပ်ကွက် ချယ်ရီလမ်းရှိ မနန်းအေးဥ(ခ) နန်းခမ်းလှူ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀ ကို လည်းကောင်း ထပ်မံ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



မနန်းအေးဥ(ခ)နန်းခမ်းလှူ၊ မစုစုငြိမ်း(ခ)စုစု၊ ဘုန်းမြတ်စိုးနှင့် မျိုးနေဇာ တို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



## တရားမဝင် သစ်မျိုးစုံ၊ ရှေးထည်လက်ဝတ်ရတနာများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဒဂုံမြို့သစ်ခရိုင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးဆောင်သော ပူးပေါင်းအဖွဲ့က သတင်းအရ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ဒဂုံစက်မှုဇုန်(၂)ရှိ သစ်အချောထည်လုပ်ငန်း ဂိုဒေါင်၌ တရားမဝင် ကျွန်းပါကေးနှင့် T&G သစ်ခွဲသား ၁ ဒသမ ၈၀၆၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၂၂၂၄)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၂၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျစစ်ဆေးရေးအဖွဲ့မှ ဝန်ထမ်းများ မြဝတီ - ဘားအံ - ရန်ကုန်သွား ကားလမ်း ပဲခူးတက္ကသိုလ်ရှေ့တွင် မော်တော်ယာဉ်တစ်စီးကို တားဆီး စစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော စတီးပိုက်များ ၅ ဒသမ ၉၃၂ တန်နှင့် ကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၉၈၅၆၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Howo Sino အမျိုးအစား Tractor Head မော်တော်ယာဉ် တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၈၉၈၅၆၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၂၂ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့က သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မောင်တောမြို့ မောင်နီရွာ အနောက်တောင်ဘက် ချောင်ပေါက်ဝငယ်တစ်ခု အရောက်၌ ဒီရေရောက် တောများအတွင်း ဖုံးကွယ် ကမ်းထိုးထားသည့် သစ်သားကိုယ်ထည် လောင်းလှေငယ်တစ်စင်းပေါ်မှ အင်ဂျင်ပိုင်ပုံး အဟောင်းများအတွင်း အမည်းရောင် ပလတ်စတစ် အိတ်ငယ်များဖြင့် ထုပ်ပိုးထားသော တရားမဝင် ရှေးထည်လက်ဝတ်ရတနာများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၈၀၀၀၀၀) ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၄၁ ဒသမ ၂၅၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၁၃၁၆၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ အောက်တိုဘာ ၂၀ ရက်၊ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၅၀၃၉၄၄) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂၂

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုမည်။ **မိုး/ဇလ**

# ကျေးရွာပိုင်ထင်းစိုက်ခင်းမှ ပြည်သူများသို့ ထင်းဖြန့်ဝေမည်

**မိုးမောက် အောက်တိုဘာ ၂၂**

ကချင်ပြည်နယ် မိုးမောက်မြို့ မြို့နယ် သစ်တောဦးစီးဌာနသည် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းအရ ကျေးရွာထင်းစိုက်ခင်းများကို ၂၀၁၇ ခုနှစ်မှစတင်၍ စိုက်ပျိုးတည်ထောင်သည်။

အဆိုပါ စိုက်ခင်းများသည် ယခုအခါ သတ်မှတ်သက်တမ်းနှင့် တန်ပမာဏသို့ ရောက်ရှိလာပြီဖြစ်သောကြောင့် ၂၀၂၃ ခုနှစ်တွင် ထင်းစိုက်ခင်း၏ အကျိုးပြုကျေးရွာသို့ ထင်းများကို ဖြန့်ဝေသွားမည်ဖြစ်သည်။ ၂၀၁၇ ခုနှစ် ကျေးရွာထင်းစိုက်ခင်းနှစ်ကေမှ ထင်းတန်ပေါင်း ၂၀ ဒသမ ၂၅ တန် ထွက်ရှိနိုင်မည်ဟု တွက်ချက်ပြီး ၎င်းတို့အား မိုးမောက်မြို့နယ် ကျောက်စခန်းကျေးရွာနေ ပြည်သူများထံသို့ ဖြန့်ဝေသွားမည်ဖြစ်ကြောင်းနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မိုးမောက်မြို့နယ် သစ်တောဦးစီးဌာနသည် မြို့နယ်၏ သစ်တောနယ်မြေများနှင့် မြေလွတ်မြေရိုင်းများတွင် ကချင်ပြည်နယ် ကျေးရွာ ထင်းစိုက်ခင်းဥပဒေနှင့်အညီ ကျေးရွာပိုင်ထင်းစိုက်ခင်းများ တိုးချဲ့တည်ထောင်သွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**လွန်းနန်းထွေး(ပြန်/ဆက်)**



# ရိုတိုတိုက်ကွမ်ဒိုချန်ပီယံရှစ် ဖိတ်ခေါ်ဖလားပြိုင်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်နှင့် ROTHO ကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် ရိုတိုတိုက်ကွမ်ဒိုချန်ပီယံရှစ် ဖိတ်ခေါ်ဖလား (ROTHO TAKEWONDO CHAMPIONSHIP 2022) ပြိုင်ပွဲကို ယနေ့နံနက်က ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏ(ဘူယောင်းတိုက်ကွမ်ဒိုလေ့ကျင့်ရေးစင်တာ)၌ ကျင်းပရာ အားကစားသမား ၃၅၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမြဟန်နှင့် Rotho ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်စန္ဒာရွှေတို့က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြပြီး ပထမနေ့ပြိုင်ပွဲများကို ဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးအတိုက် (Kyorungi)နှင့် ကကွက် (Poomsae) ပြိုင်ပွဲများ၊ သက်ငယ်တန်း (Cadet)အဆင့်၊ ဂျူနီယာတန်း (Junior) အဆင့်၊ ကီလိုတန်းအလိုက် ပြိုင်ပွဲများ၊ အပြည်ပြည်ဆိုင်ရာ ခါးစည်းအနက် (Kukki-Won) ဒန်အဆင့်ရရှိထားသူများနှင့် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ ခါးစည်းအစိမ်းမှ အနီ(၁)ဒီဂရီအထိ ရရှိထားသူများက ပထမနေ့ ပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။ ယင်းပြိုင်ပွဲသို့ ကလပ်အသင်း ၁၃ သင်း ပါဝင်ကြပြီး အောက်တိုဘာ ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၄၊ မြေကွက်အမှတ်-၁၂၁၈၊ ပိတောက်မြိုင်(၂)လမ်း၊ အကျယ်အဝန်း (၄၀ပေ×၆၂ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်၍ လက်ရှိပိုင်ဆိုင်ရောင်းချခွင့် ရှိကြောင်းကမ်းလှမ်းလာသူ ဒေါ်ရီရီထွေး(၁၂/မဂဒ(နိုင်)၀၄၉၉၃၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရွှေချင်း(၉/မရမ(နိုင်)၀၈၆၅၄၇)က ဝယ်ယူရန်အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက်မှစရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

ဒေါ်ရွှေချင်း၏လွှဲအပ်ညွှန်ကြားချက်အရ -**ဒေါ်အေးမြမွန် (LL.B, LL.M)**
အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဘုမ္မော်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၆၆၇)နေ ဒေါ်ခင်မွေး ၆/ထဝန(နိုင်) ၀၅၉၀၉၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် (၄၇/က)ဒုတိယထပ်ရှိ အကျယ်အဝန်း(အလျား ၁၈ပေxအနံ ၅၄ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်သီတာ ၇/ရတန(နိုင်)၀၉၉၈၉၈ထံမှ ၁၈-၁၁-၂၀၂၂ရက်တွင် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေး ချေထားပြီးဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဒေါ်ခင်မွေး | ဒေါ်အေးသူဇာအောင် (LL.B) |
| ၆/ထဝန(နိုင်)၀၅၉၀၉၇ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၄၃) |
| | ဖုန်း-၀၉-၄၂၄၅၉၆၈၃၀၊ ၀၉-၇၉၉၅၆၁၅၇၄ |
| | သဃ်န်းကျွန်းမြို့နယ်၊ ရှေ့နေများနားနေခန်း၊ |
| | သဃ်န်းကျွန်းမြို့နယ်တရားရုံး |

# မူဆယ်မြို့၌ ဖမ်းဆီးရမိသော ထိန်းချုပ်ဓာတုပစ္စည်းများကို ဖျက်ဆီး

**မူဆယ် အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့နှင့် အမှတ်(၂၂) မူးယစ်တပ်ဖွဲ့စုတို့က မြို့နယ်အတွင်း ဖမ်းဆီးရမိသော ထိန်းချုပ်ဓာတုပစ္စည်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှချို ဦးဆောင်၍ ဌာနဆိုင်ရာများနှင့် ပူးပေါင်းပြီး စွမ်စော်ရပ်ကွက်ရှိ မြေကွက်လပ်၌ အောက်တိုဘာ ၁၉ ရက်က ဖျက်ဆီးသည်။

ဖမ်းဆီးရမိသော ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သည့် Sodium Ethoxide ၆၃၉၉ ဒသမ ၉၆၈ ကီလို၊ အဖြူရောင်မှုန့် ၃၉၉ ဒသမ ၉၉၈ ကီလို၊ Sodium Acetic acid ၁၄၉၉ ဒသမ ၉၉၅ ကီလို၊ Acetic acid ၂၈ ဒသမ ၅ လီတာ၊ အက်စီအက်စစ်အရည် ၁၅၉၉ ဒသမ ၈၅ လီတာ၊ Tartaric acid ၇၄၉ ဒသမ ၉၈၅ ကီလို၊ Theophylline ၁၁၄၉၉ ဒသမ ၀၈ ကီလို၊ အရိုးမီးသွေး ၉၉၉ ဒသမ ၉၂ ကီလို၊ Dimethyl Carbonate ၂၃၉၉ ဒသမ ၅၈ လီတာ၊ Phosphoric Acid ၆၃၉ ဒသမ ၂ လီတာ၊ Sodium Cyanide ၁၆၅၉၉ ဒသမ ၈၃၄ ကီလို၊ Potassium Phosphate ၁၅၉ ဒသမ ၉၈၄ ကီလို၊ ဟိုက်ဒိုကလိုရစ်အက်စစ် ၃၁၉၉ ဒသမ ၆ လီတာ၊ အီသိုင်းလ်အီသာ ၇၁၉၉ ဒသမ ၁ လီတာ၊ Sodium Cyanide ၂၄၂၄၉ ဒသမ ၇၅၇၅ ကီလို စုစုပေါင်းကာလတန်ဖိုး ကျပ် ၄၀၇၂ သိန်းကျော်ကို ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

ထိန်းချုပ်ဓာတုပစ္စည်းများ ဖျက်ဆီးခြင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူးက ဦးဆောင်ပြီး မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကျော်ဇော်နှင့် သတင်းရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ သစ်တောဦးစီးဌာန၊ အမှတ်(၂၂) မူးယစ်တပ်ဖွဲ့စုတို့မှ တာဝန်ရှိသူများနှင့် မူဆယ်မြို့မရဲစခန်းမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ ရှေ့မှောက်တွင် ဆောင်ရွက်ခြင်းဖြစ်သည်။

**ချယ်ရီမြေ(မူဆယ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(မန္တလေး)
## မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများအတွက် သင်တန်းသားခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ် (မန္တလေး)တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၁၀) ရက်တွင် စတင်၍ အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

(က) မြို့ပြအင်ဂျင်နီယာ
(ခ) အီလက်ထရောနစ်အင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) စက်မှုအင်ဂျင်နီယာ
(င) သုတနည်းပညာ
(စ) မက္ကာထရောနစ်အင်ဂျင်နီယာ
(ဆ) ဓာတုအင်ဂျင်နီယာ
(ဇ) ရေနံအင်ဂျင်နီယာ
(ဈ) သတ္တုတူးဖော်ရေးအင်ဂျင်နီယာ

၂။ အထက်ပါမဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့ အကြိုသင်တန်း (၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း (၁)နှစ် စုစုပေါင်း(၂)နှစ် သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြို သင်တန်း(Course Work) ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်းပြည့်မီသူများကိုသာ မဟာဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားသူများအနက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။
(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။
(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။
(င) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများသည် တစ်ဆက်တည်း လုပ်သက်(၂)နှစ်ပြည့်ပြီး လက်ရှိတာဝန်ထမ်းဆောင်နေသူ ဖြစ်ရမည်။ ပြစ်မှုကင်းရှင်းရမည်။ သင်တန်းတက်ရောက်ခွင့်လျှောက်ထားရာတွင် အဆိုပါဝန်ထမ်း၏ နေရာအတွက် လုပ်ငန်းတာဝန်ထိခိုက်မှုမရှိကြောင်း သက်ဆိုင်ရာဌာနမှူးနှင့် ပါမောက္ခချုပ်/ကျောင်းအုပ်ကြီးတို့မှ လျှောက်ထား ခွင့်ပြုကြောင်း ထောက်ခံချက်နှင့် သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်း ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံနှင့် မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်များမှ ထောက်ခံချက် (မူရင်းနှင့်မိတ္တူ) တို့ကို ပူးတွဲ တင်ပြရမည်။

၅။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို နည်းပညာတက္ကသိုလ် (မန္တလေး)မှ ၂၅-၁၀-၂၀၂၂ရက်(အင်္ဂါနေ့) မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး ၃-၁၁-၂၀၂၂ရက် (ကြာသပတေးနေ့)နောက်ဆုံးထား၍ နည်းပညာတက္ကသိုလ် (မန္တလေး)သို့ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့် ကတ်ပြားကို ၄-၁၁-၂၀၂၂ရက် (သောကြာနေ့)တွင် စတင်ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို နည်းပညာတက္ကသိုလ် (မန္တလေး) တွင် အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၅-၁၁-၂၀၂၂ရက် ၊ စနေနေ့ | အင်္ဂလိပ်စာ | နံနက်(၉:၀၀) မှ (၁၂:၀၀) |
| ၆-၁၁-၂၀၂၂ရက်၊ တနင်္ဂနွေနေ့ | သက်ဆိုင်ရာဘာသာရပ် | နံနက်(၉:၀၀) မှ (၁၂:၀၀) |

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား (မူရင်း) တစ်ပါတည်းယူဆောင်လာရမည်။

၈။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရမည့် အမည်စာရင်းကို ၇-၁၁-၂၀၂၂ရက် (တနင်္လာနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၈-၁၁-၂၀၂၂ရက် (အင်္ဂါနေ့)မှစ၍ နည်းပညာတက္ကသိုလ် (မန္တလေး)တွင် ပြုလုပ်မည်ဖြစ်သည်။ မဟာဘွဲ့သင်တန်းတက်ရောက်ခွင့်ရသူများ၏ အမည်စာရင်းကို ၉-၁၁-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့)တွင် ထုတ်ပြန်ကြေညာပေးပါမည်။

**နည်းပညာတက္ကသိုလ်(မန္တလေး)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ အလယ်ကျွန်းရပ်ကွက်၊ စကားဝါလမ်း၊ ပြင်းငယ်ကျောင်းလမ်း၊ အိမ် အမှတ် (၅၆၇)နေ (ဦးတင်ဆွေ) ကွယ်လွန်နှင့် ဒေါ်မြဝင်း(ခ)ဒေါ်နု ၆/မအရ(နိုင်)၀၇၃၆၃၂တို့၏သားထွေးဖြစ်သူ မောင်ရေစင်ဖြိုးသည် မိခင်ဖြစ်သူ၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘညီအစ်ကို မောင်နှမများ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်၍ ၂၀၂၀ ပြည့်နှစ် ၁၂လ ပိုင်းတွင် မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့် ကိစ္စကိုမဆို မိသားစုမှ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြဝင်း(ခ)ဒေါ်နု**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅၃ယ/၇၃၂၀၂, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလှဦး ၆/မမန(ပြု)၀၀၀၂၉၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 50W/53009, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးပိုင်ထူး ၇/ပခန(နိုင်)၂၉၆၈၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

